

# Constitutional Awareness

## Myanmar

October 2013

*Brought to you by*

BINGHAM CENTRE FOR THE RULE OF LAW

LexisNexis®

## ဖွဲ့စည်းပုံ အခြေခံဆိုင်ရာ သိမှတ်ဖွယ်ရာများ

ဤစာတမ်းသည် ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံပြန်လည် ပြုပြင်ရေးအတွက် လမ်းညွှန်ဖြစ်သည်။

ပါဝင်သော ကဏ္ဍများမှာ -

(က) ဖွဲ့စည်းပုံအခြေခံ ဆိုသည်မှာ အဘယ်နည်း

(ခ) လက်ရှိ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ၏ အဓိက ပြဿနာများချက်များ

(ဂ) ပြန်လည်ပြုပြင်ရန် ဖြစ်နိုင်ခြေရှိသော ကဏ္ဍများ

ဤစာတမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက်သော်လည်းကောင်း၊ လုံးစေ့ပတ်စေ့ လွှမ်းခြုံနိုင်စေရန်သော်လည်းကောင်း ပြုစုထားခြင်းမရှိပါ။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ အရေးကိစ္စများနှင့် အဆီလျော်ဆုံး ဖြစ်နိုင်စေရန် ရွေးချယ်ဖော်ပြထားခြင်းသာ ဖြစ်ပါသည်။

## ဖွဲ့စည်းပုံ အခြေခံဆိုင်ရာ သိမှတ်ဖွယ်ရာများ

### က။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုသည်မှာ အဘယ်နည်း။

- ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအား မည်သို့မည်ပုံ စီမံအုပ်ချုပ်မည်ဟု ဖော်ပြထားသော စည်းမျဉ်း၊ စည်းကမ်းများ၏ စုစည်းထားမှု တစ်ခု ဖြစ်သည်။
- ဖွဲ့စည်းပုံ အခြေခံ(ဥပဒေ)သည် ဥပဒေပြုရေးကဏ္ဍ၊ (ဝန်ကြီးများ၊ ဝန်ကြီးချုပ်၊ သမ္မတ)စသော အုပ်ချုပ်ရေးကဏ္ဍနှင့် တရားရုံးများ စသည့် အစိုးရ တရားဝင် အဖွဲ့အစည်းအတိုင်းမှ ချမှတ်သော ဆုံးဖြတ်ချက်များအတွက် အထိမ်းအကွပ်ဘောင်ကို ဖွဲ့စည်းခြင်းဖြစ်သည်။
- ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်မှ လေးစားတန်ဖိုးထားအပ်သော လူတစ်ဦးတစ်ယောက်ခြင်းစီ၏ အခွင့်အရေးကိုလည်း ဖော်ဆောင်ပေးသောကြောင့် အစိုးရနှင့် ပြည်သူကြား ဆက်ဆံရေးကိုလည်း ထူထောင်ပေးနိုင်သည်။

### ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုသည် အဘယ့်ကြောင့် အရေးကြီးသနည်း။

- ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုသည် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူတို့ကိုယ်စား ဆုံးဖြတ်ချက်များ ချမှတ်သူသည် ပြည်သူတို့၏ ထင်မြင်ယူဆချက်များကို မျှတစွာ ကိုယ်စားပြုနိုင်ရန် သေချာစေသောကြောင့် ဖြစ်သည်။
- လုပ်ပိုင်ခွင့်များကို ကျင့်သုံးသူများက ၎င်းတို့ တာဝန်ထမ်းဆောင်ပေးရသော ပြည်သူများအတွက် တာဝန်ခံနိုင်မည့် နည်းလမ်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေက ချမှတ်သည်။
- ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီ၏ သီးခြားအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အာမခံပေးခြင်းဖြင့် အစိုးရ၏ လုပ်ပိုင်ခွင့်များ ရောက်ရှိနိုင်သော (အဆုံးသတ်သော) အတိုင်းအတာကို ဖော်ဆောင်ပေးသည်။ ယင်းအခွင့်အရေးများမှာ လူ့ဂုဏ်သိက္ခာ၊ သာတူညီမျှရှိမှုနှင့်၊ လွတ်လပ်မှု စသည်တို့ကို ကာကွယ်ရာနှင့် တိုးမြင့်ရာတွင် ခိုင်မာစေရန် အထောက်အကူပြုသည်။
- ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဗဟိုအစိုးရနှင့် တိုင်းဒေသများအကြား အာဏာခွဲဝေမှုကို အထောက်အကူပြုသည်။
- ပြင်ပလွှမ်းမိုးမှုမရှိဘဲ လွတ်လပ်စွာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းထက် ကွဲပြားခြားနားသော မူဝါဒရေးရာ အမြင်များကို ညှိနှိုင်းဆောင်ရွက်ရာတွင် လက်ခံနိုင်လောက်သော မူဘောင်တစ်ခုကို အထောက်အကူပြုရန် ဖွဲ့စည်းပုံ အခြေခံဥပဒေများကို သဘောတူညီထားသင့်သည်။ ပြည်သူများသည် အစိုးရနှင့် အချိန်တိုင်းတွင် တစ်သဘောတည်း ရှိနိုင်မည် မဟုတ်သော်လည်း အစိုးရအဖွဲ့များကို ရွေးချယ်သည့် စနစ်၏ တရားဝင်မှုကို မူလက်ခံကြသည်။ ဤသို့ဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် လူမှုအဖွဲ့အစည်းတစ်ခု၏ တည်ငြိမ်မှုကို အထောက်အကူပြုလေသည်။



To download this document in PDF version, visit **www.lexisnexis.com.my**

## ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုတွင် ဘယ်အရာများပါဝင်ပါသလဲ

ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခု၌ အောက်တွင် ဖော်ပြထားသော လက္ခဏာရပ်များထဲမှ အားလုံးသို့ တစ်ခုခန့်သည် မကြာခဏ ပါဝင်လေ့ရှိသည်။

- **ဥယျောဇဉ်** - ဤအပိုင်းတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခု၏ အကြောင်းအရာများမှ နိုင်ငံတစ်နိုင်ငံ၏ အခြေခံ တန်ဖိုးများနှင့် ရည်မှန်းချက်များကို ထုတ်နှုတ်ဖော်ပြထားသည်။
- **နိုင်ငံတစ်နိုင်ငံ၏ လက္ခဏာရပ်** - ကမ္ဘာပေါ်တွင် မိမိနိုင်ငံ၏ အနေအထား၊ မည်သူသည် နိုင်ငံသား ဖြစ်ထိုက်သည်၊ နိုင်ငံတော်၏ အလံ၊ တရားဝင် ရုံးသုံးဘာသာစကား စသည်တို့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေက ဖေါ်ပြသတ်မှတ်သည်။
- **အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်** - ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများနှင့် ယင်းအခွင့်အရေးများကို မည်သည့် အခြေအနေတွင် ကန့်သတ်မည် သို့မဟုတ် ရပ်တန့်မည်ဆိုသော အချက်အလက်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေက ဖော်ပြသတ်မှတ်သည်။
- **တရားဥပဒေ စိုးမိုးရေးအတွက် ကတိကဝတ်** - ဖွဲ့စည်းပုံ အခြေခံဥပဒေ အများစုမှာ တရားဥပဒေ စိုးမိုးရေးကို အတိအလင်း အထောက်အကူပေးကြသည်။ တရားဥပဒေစိုးမိုးရေးဆိုရာ ဥပဒေများမှာ ရှင်းလင်းပြီး ရယူအသုံးချနိုင်မှု လွယ်ကူခြင်း၊ မျှတစွာ သက်ရောက်ခြင်း၊ တရားရုံးများ၏ ရှေ့မှောက်တွင် ပြည်သူအများက ၎င်းတို့ရရှိထိုက်သော အခွင့်အရေးများကို အခိုင်အမာ တောင်းဆိုနိုင်သော အခွင့်အလမ်းများနှင့် လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသော တရားသူကြီးများ ရှေ့မှောက်တွင် မျှတသည့် တရားစီရင်မှုများ ရရှိခြင်း စသည့်တို့ ပါဝင်သည်။
- **ဥပဒေပြုအဖွဲ့များ၏ အခန်းကဏ္ဍနှင့် ဖွဲ့စည်းပုံ (ဥပဒေရေးဆွဲသည့် အဖွဲ့)** - ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မည်သူက ဥပဒေပြုရေးကဏ္ဍကို ဖွဲ့စည်းမည်၊ ဥပဒေပြု အဖွဲ့ဝင်များကို မည်သို့ ရွေးချယ်ရမည် စသည့် အချက်များကို သတ်မှတ်ပေးသည်။ ဥပဒေပြုရေးအတွက် အဖွဲ့အစည်းတစ်ခု သို့မဟုတ် နှစ်ခု အထိရှိနိုင်ပြီး ၎င်းတို့၏ အခန်းကဏ္ဍ အသီးသီးကို ဖွဲ့စည်းပုံ အခြေခံဥပဒေမှ သတ်မှတ်ပေးပါသည်။
- **အုပ်ချုပ်ရေး၏ အခန်းကဏ္ဍနှင့် ဖွဲ့စည်းပုံ (သမ္မတ၊ ဝန်ကြီးချုပ် နှင့် ဝန်ကြီးများ)** - မည်သူများက အုပ်ချုပ်ရေး ကဏ္ဍအတွက် ပါဝင်မည်ဖြစ်ပြီး အုပ်ချုပ်ရေး အဖွဲ့ဝင်များအား မည်သို့မည်ပုံ ရွေးချယ်မည်ဆိုသည်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်ပေးပါသည်။ အုပ်ချုပ်ရေးကဏ္ဍ၏ အကြီးအကဲများ (သမ္မတနှင့် ဝန်ကြီးချုပ်) အုပ်ချုပ်ရေးကဏ္ဍ၏ လုပ်ပိုင်ခွင့်နှင့် အာဏာများကိုလည်း သတ်မှတ်ပေးသည်။ ဖွဲ့စည်းပုံ အချို့တွင် နိုင်ငံတော်အကြီးအကဲအား အာဏာအမြောက်အများ အပ်နှင့်ထားပြီး တစ်ချို့ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင်မူ နိုင်ငံတော်အကြီးအကဲသည် ပြည်သူများအတွက် ကိုယ်စားပြုသည် သဘောသဖြစ်ပြီး အဓိက အုပ်ချုပ်ရေးအာဏာကို ဝန်ကြီးချုပ်တစ်ဦးကသာ ကိုင်ဆောင်ထားခြင်း ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အုပ်ချုပ်ရေးကဏ္ဍသည် ဥပဒေပြု အဖွဲ့အစည်းများ၊ တရားစီရင်သော တရားရုံးများနှင့် ပြည်သူလူထုပေါ်တွင် ၎င်း၏ အာဏာ ကျင့်သုံးမှုများကို မည်သို့ တာဝန်ခံရသည်ကို ဖော်ပြထားသည်။
- **တရားစီရင်ရေး ကဏ္ဍ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ခန့်အပ်ခြင်းများ** - တရားသူကြီးများအား ရွေးချယ်ရန် အခြေအနေများ၊ တရားသူကြီးများက အခြားသော အစိုးရ အဖွဲ့အစည်းများ ဖြစ်သည့် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကိစ္စများမှ လွှမ်းမိုးခံရမှု ကင်းလွတ်ခြင်း၊ တရားရုံးများ၏ အမျိုးအစားများနှင့် အဆင့်များအား ဖွဲ့စည်းပုံ အခြေအခံဥပဒေက သတ်မှတ်သည်။ အစိုးရ၏ ဥပဒေအကြံပေး (ရှေ့နေချုပ်)နှင့် အခြားအစိုးရရှေ့နေများ၏ အခန်းကဏ္ဍနှင့် ခန့်အပ်ပုံများကိုလည်း သာမန်အားဖြင့် ဖွဲ့စည်းပုံတွင် ဖော်ပြလေ့ရှိသည်။
- **ရွေးကောက်တင်မြှောက်ခြင်းအတွက် ပြဋ္ဌာန်းချက်များ** - ရွေးကောက်တင်မြှောက်ခြင်းအတွက် လိုအပ်ချက်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သည်။ ယင်းလိုအပ်ချက်များတွင် မည်သည့်မဲပေးစနစ်ကို အသုံးပြုမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအတွက် စည်းမျဉ်းများ၊ ရွေးကောက်တင်မြှောက်ခြင်းနှင့် ရွေးကောက်ခြင်းနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို မည်သူက မည်ကဲ့သို့ မျှတရိုးသားစွာ ရပ်တည်ဆောင်ရွက်မည် စသည့် အချက်အလက်များ ပါဝင်သည်။

- **အခြား အရေးကြီးသော အဖွဲ့အစည်းများ** - ဖွဲ့စည်းပုံ အခြေခံဥပဒေက အခြားအရေးကြီးသည့် အဖွဲ့အစည်းများဖြစ်သော နိုင်ငံတော် ဗဟိုဘဏ်နှင့် ဒီမိုကရေစီကို အထောက်အကူပြုမည့် အဖွဲ့အစည်းများ - ဥပမာ- ရွေးကောက်ပွဲ ကော်မရှင်၊ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေး ကော်မရှင်၊ ဘဏ္ဍာငွေကြီးကြပ်ရေး ကော်မရှင် နှင့် လူ့အခွင့်အရေးကော်မရှင် စသည်တို့ကို အထောက်အကူပေးနိုင်သည်။
- **နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ** - ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်ဆိုင်ရာ အဆင့်၊ တိုင်းဒေသကြီး ဆိုင်ရာ အဆင့်နှင့် အရပ်ဒေသဆိုင်ရာ အဆင့်များအလိုက် မည်သို့ အာဏာခွဲဝေမည် ဆိုသည်ကို ထည့်သွင်း စဉ်းစားမည် ဖြစ်သည်။
- **စီးပွားရေးနှင့် အရင်းအမြစ်များ ခွဲဝေခြင်း** - ဖွဲ့စည်းပုံ အခြေခံဥပဒေ တစ်ချို့တွင် နိုင်ငံတော်သည် မည်သည့်စီးပွားရေးစနစ် ကျင့်သုံးမည် ဆိုသည်ကို ဖော်ပြထားသည်။ (ဥပမာ - ဈေးကွက်စီးပွားရေးစနစ် သို့မဟုတ် ဆိုရှယ်လစ်စီးပွားရေးစနစ်)။ ဖွဲ့စည်းပုံအများစုမှာမူ ဤကဏ္ဍအား ပြည်သူများက ရွေးချယ်စေနိုင်ရန်အတွက် ချန်လှပ်ထားလေ့ရှိသည်။ ထို့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အစိုးရနှင့် ဒေသဆိုင်ရာအဆင့်များ အကြားတွင် သဘာဝ သယံဇာတနှင့် ငွေကြေးနှင့် နေဥစ္စာများကို မည်ကဲ့သို့ ခွဲဝေကြမည်ဆိုသည်ကို ထည့်သွင်းစဉ်းစားနိုင်သည်။
- **ရဲတပ်ဖွဲ့/လက်နက်ကိုင်တပ်ဖွဲ့များ၏ အခန်းကဏ္ဍနှင့် ထိန်းချုပ်ခြင်း** - ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့အတွက် တာဝန်များကို သတ်မှတ်ဖော်ပြထားနိုင်သည့်အပြင် ၎င်းတို့အား ကြီးကြပ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် တာဝန်ခံခြင်း စသည်တို့အတွက်လည်း ပြဋ္ဌာန်းထည့်သွင်းထားနိုင်သည်။
- **အရေးပေါ်အာဏာများ** - ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ မည်သည့်အခြေအနေတွင် အရေးပေါ်အခြေအနေ ကြေငြာနိုင်ခြင်းနှင့် ယင်းအရေးပေါ် အခြေအနေအတွင်း မည်သူ့အား မည်သည့်အာဏာ အပ်နှင်းလိုက်ခြင်း စသည်တို့နှင့် စပ်လျဉ်းပြီး မည်သူက ကြေငြာခွင့်ရှိကြောင်း ဖော်ပြထားရမည်။
- **ပြင်ဆင်ပြဋ္ဌာန်းချက်များ** - ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ၎င်းအား မည်ကဲ့သို့ အပြောင်းအလဲ ပြုလုပ်နိုင်ကြောင်းကို ဖော်ပြထားပါလိမ့်မည်။ ပုံမှန်အားဖြင့် ဥပဒေပြု အဖွဲ့အစည်းတွင် ၅၀%နှင့် အထက် အဖွဲ့ဝင်အများစု သို့မဟုတ် တစ်ခါတစ်ရံ အဖွဲ့ဝင်အားလုံးမှ တညီတညွတ်တည်း သဘောတူညီခြင်းဖြင့် ပြောင်းလဲနိုင်သည်။

**<u>ဥပဒေပြုအဖွဲ့များမှ ပြုလုပ်ထားသော ဥပဒေများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုအား မည်သည့်တို့က ခွဲခြားထားသနည်း။</u>**

- ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုသည် အစိုးရအရာရှိများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းများအားလုံးအတွက် မူ၊ ဘောင်အထိန်းအကွပ်ကို သတ်မှတ်ဖွဲ့စည်းထားသောကြောင့် ယင်းဖွဲ့စည်းပုံတွင် ပါဝင်သော စည်းမျဉ်းစည်းကမ်းအားလုံးသည် ဥပဒေပြုရေးအဖွဲ့အစည်းများမှ ထုတ်ပြန်လိုက်သည့် ဥပဒေအားလုံးထက် ပုံမှန်အားဖြင့် မြင့်မားသည်ဟု မှတ်ယူသည်။
- ဆိုလိုသည်မှာ ဥပဒေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ဥပဒေများကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိမှသာလျှင် ထုတ်ပြန်ပြဋ္ဌာန်းရလေသည်။ သာမန်အားဖြင့် တရားရုံးများတွင် ဥပဒေတစ်ခုသည် ဖွဲ့စည်းပုံ ဥပဒေနှင့် ပဋိပက္ခဖြစ်၊ မဖြစ် ဆိုသည့်အချက်ကို ဆုံးဖြတ်နိုင်သည့် အခန်းကဏ္ဍရှိတတ်သည်။
- ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းများသည် မြင့်မားသည့် အဆင့်အတန်း ရှိသည့်အတွက် ၎င်းတို့အား ပြင်ဆင်ပြောင်းလဲရန်အတွက် သာမန်ဥပဒေများထက် ပိုပြီး ခိုင်ခိုင်မာမာ စဉ်းစားရန် လိုအပ်လေသည်။ မည်သို့ပင် ဆိုစေကာမူ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်ကို တုံ့ပြန်နိုင်ရန်နှင့် တိုးတက်မှုများ ဖြစ်ထွန်းစေရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်နိုင်ရန်မှာ အရေးကြီးပေသည်။
- ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ၎င်း၏ ပြဋ္ဌာန်းချက်အချို့ သို့မဟုတ် အားလုံးအား ရပ်ဆိုင်းထားရန်အတွက် ခွင့်ပြုထားပေးနိုင်သည်။ သို့သော် ထိုသို့ ရပ်ဆိုင်းခြင်းမှာ ပြည်သူ့အကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးတို့ကို စောင့်ရှောက်ရန်အတွက် အရေးပေါ် အခြေအနေကြေငြာရန် အမှန်တကယ်လိုအပ်သော အခါ၌သာ ဖြစ်တတ်လေသည်။


To download this document in PDF version, visit **www.lexisnexis.com.my**

**<u>ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးကို ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုမှ မည်သို့ ကာကွယ်ပေးနိုင်သနည်း။</u>**

- ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီအတွက် ၎င်းတို့၏ အခွင့်အရေးများကို ဖော်ပြသတ်မှတ်ပေးခြင်းဖြင့် ကာကွယ်ပေးနိုင်သည်။ ပုံမှန်အားဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခု၏ အစပိုင်း သို့မဟုတ် အစပိုင်းနားတွင် ပါဝင်သော အခွင့်အရေးဆိုင်ရာ မူဝါဒများအတွင်း ပါဝင်လေ့ရှိသည်။
- နိုင်ငံသားများကသာ ထိုက်တန်သော အခွင့်အရေး ဥပမာ မဲပေးနိုင်ခွင့် ကဲ့သို့သော အခွင့်အရေးများမှ အပ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုတွင် ပါဝင်သော အခွင့်အရေးများမှာ နိုင်ငံတွင်းရှိသော လူပုဂ္ဂိုလ်အားလုံးသို့ ပေးအပ်ထားခြင်း ဖြစ်သည်။
- **ပြည်သူများ ရပိုင်ခွင့်နှင့် နိုင်ငံရေး အခွင့်အရေးများ**တွင် အသက်ရှင်သန်နေထိုင်ခွင့်၊ ပုဂ္ဂိုလ်ရေးရာ လွတ်လပ်ခွင့်၊ နှိပ်စက်ညှင်းပန်းခံရခြင်းမှ ကာကွယ်ပေးခြင်း၊ ကျွန်ပြုခံရခြင်းမှ ကင်းလွတ်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ သာတူညီမျှ တန်းတူရပိုင်ခွင့်၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့် စသည်တို့ပါဝင်သည်။
- ဤအခွင့်အရေးများသည် နိုင်ငံတော် အာဏာအပေါ် ကန့်သတ်ချက်များ ထားရှိလိုက်ခြင်းဖြစ်သည့်အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် လူတစ်ဦးတစ်ယောက်တိုင်းအတွက် လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသော တရားသူကြီးများ ရှေ့မှောက်တွင် မျှတသော တရားစီရင်မှုရှိသော တရားရုံးများမှ တစ်ဆင့် ၎င်းတို့အခွင့်အရေးများကို အခိုင်အမာ တောင်းဆိုနိုင်စေရန် ခွင့်ပြုပေးထားလေသည်။
- တစ်ချို့ ဖွဲ့စည်းပုံ အခြေခံများတွင်မူ တရားမျှတမှု စီမံကြီးကြပ်ရေး အခွင့်အရေးများ ပေးအပ်ထားတတ်သည်။ ၎င်းအခွင့်အရေးသည် ပြည်သူ့ဝန်ထမ်းများအားလုံးကို ဥပဒေဘောင်အတွင်းမှသာ ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားပြီး အများပြည်သူလူထုကိုလည်း သင့်တင့်မျှတစွာ ကြားနာခွင့်နှင့် ကျိုးကြောင်းဆီလျော်စွာ လုပ်ဆောင်နိုင်ရန် ပေးအပ်ထားခြင်း ဖြစ်သည်။
- အချို့သော ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် **စီးပွားရေး၊ လူမှုရေး**နှင့် အိမ်ယာနေထိုင်ခွင့်များ၊ ပညာသင်ကြားခွင့်များ၊ ကျန်းမာရေးစောင့်ရှောက်မှု ရယူပိုင်ခွင့်၊ အလုပ်လုပ်ခွင့်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကဲ့သို့သော **ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ** ပါဝင်သည်။
- သင့်လျော်သော လူနေမှု အဆင့်အတန်းများအတွက် အာမခံပေးနိုင်ရန် အကူအညီပေးသော အနေဖြင့် အများပြည်သူအား နိုင်ငံသားနှင့် ပြည်သူ့အခွင့်အရေးများကို ရရှိခံစားခွင့် ပြုနိုင်စေခြင်းသည် အရေးပါလှပေသည်။ မည်သို့ပင်ဆိုစေကာမူ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဤကဲ့သို့ ကောင်းမွန်သော အခွင့်အရေးများ ပါဝင်နေခြင်းသည် စီးပွားရေးနှင့် လူမှုရေးဝါဒ ချမှခြင်းများတွင် အစိုးရ၏ လုပ်ပိုင်ခွင့်အား ကန့်သတ်လိုက်ခြင်းဖြစ်သည်ဟု လူအများက ယုံကြည်ကြပါသည်။ ထို့ကြောင့် ယင်းကဲ့သို့ အခွင့်အရေးများကို အာမခံပေးရသော နိုင်ငံတော်၏ တာဝန်ကို အချိန်ကြာလာသည်နှင့် အမျှ နားလည်သဘောပေါက်လာစေနိုင်ကြောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေက သုံးသပ်သည်။
- **ခြွင်းချက်မရှိသော အခွင့်အရေး** - ဆိုသည်မှာ မည်သည့် အခြေအနေ၊ မည်သည့်အကြောင်းပြချက်ဖြင့်မဆို ကန့်သတ်၍ မရသော အခွင့်အရေးကို ဆိုလိုသည်။ ဥပမာ ညှင်းပန်းနှိပ်စက်ခံရခြင်းမှ ကင်းလွတ်ခွင့်။
- **ကန့်သတ်ထားသော အခွင့်အရေး** - ဆိုသည်မှာ အချို့သော အခြေအနေများတွင် ကန့်သတ်ထားနိုင်သော အခွင့်အရေးများ ဖြစ်သည်။ ဥပမာ - လွတ်လပ်စွာ ပြောရေးဆိုခွင့်ရှိခြင်း အခွင့်အရေးသည် လူမျိုးရေး၊ ဘာသာရေးဆိုင်ရာ အမုန်းတရားများ ဖြစ်ပေါ်လာစေနိုင်သည့် သူတစ်ပါး၏ ဂုဏ်သိက္ခာကို ပုတ်ခတ်ပြောဆို ကျူးလွန်နိုင်သည်အထိ ကျယ်ပြန့်သော အခွင့်အရေးမဟုတ်ချေ။ အခွင့်အရေးများကို မည်သည့်အချိန်တွင် မည်ကဲ့သို့ ကန့်သတ်နိုင်ကြောင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ဖော်ပြထားသည်။
- **လွှမ်းမိုးခံရနိုင်သောအခွင့်အရေးများ** - ဆိုသည်မှာ ဆိုင်းငံ့ထားနိုင်သော အခွင့်အရေးများကို ဆိုလိုသည်။ ဥပမာ - နိုင်ငံတော် အရေးပေါ် အခြေအနေ ကြေငြာထားချိန်တွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့် ၊ စုဝေးခွင့် စသည့် အခွင့်အရေးများကို ဆိုင်းငံ့ထားနိုင်သည်။ အခွင့်အရေးများကို မည်သည့်အချိန်တွင် ဆိုင်းငံ့ရပ်တန့်နိုင်ကြောင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ဖော်ပြထားရမည်။

- **လွှမ်းမိုးခြင်း မခံရသော အခွင့်အရေးများ** - ဆိုသည်မှာ နိုင်ငံတော်မှ မည်သည့်အခါမျှ ရုပ်တန့်၍ မရသော အခွင့်အရေးကို ဆိုလိုသည်။ ဥပမာ - ညှဉ်းပန်းနှိပ်စက်ခံရခြင်းကို ကာကွယ်ပေးခြင်း။

<u>မည်သူက ကာကွယ်ပေးခံရသနည်း။</u>

- ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ဖော်ပြထားသော အခွင့်အရေးများမှာ များသောအားဖြင့် လူတိုင်းက အညီအမျှ ရထိုက်သော အခွင့်အရေးများ ဖြစ်ကြသည်။
- မည်သို့ပင် ဆိုစေကာမူ ၎င်းအခွင့်အရေးများသည် ယခင်ခွန်ခဲ့ပြီးသော ကာလများအတွင်း ဆိုးကျိုးများ ခံစားခဲ့ရသော သူများအတွက် အလွန်အရေးပါလှပေသည်။ ဥပမာ - တိုင်းရင်းသား လူနည်းစုများနှင့် အမျိုးသမီးများ။
- ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ဖော်ပြထားသည့် သာတူညီမျှရှိမှုဟူသော အခြေခံစည်းမျဉ်းအရ တိုင်းရင်းသား လူနည်းစုများနှင့် အမျိုးသမီးများအား နှိမ့်ချခွဲခြားဆက်ဆံမှု ရှင်းလင်းသိသာသော ကာကွယ်ပေးမှုမျိုး ပြုလုပ်ပေးခြင်း စသည့် ရလဒ်များ ထွက်ပေါ်လာပါမည်။

<u>ကျင့်သုံးသက်ရောက်စေခြင်း</u>

- အခွင့်အရေးများအား မည်ကဲ့သို့ ကျင့်သုံးမည်ဟု ဆင်ခြင်သုံးသပ်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အရေးပါလှသည်။
- အခွင့်အရေးချိုးဖောက်ခြင်းများကို ဆုံးဖြတ်စီရင်ရသော တရားရုံးများ၏ အခန်းကဏ္ဍနှင့် ဥပဒေပြုသူများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများ ချိန်ခွင်လျှာညီမျှနိုင်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သီးခြားသတ်မှတ်ချက်များ ထည့်သွင်း ဖော်ပြထားသင့်သည်။
- လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးကော်မရှင်၊ တိုင်ကြားစာများ လက်ခံရယူနိုင်သော၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများအား လေးစားလိုက်နာမှု ရှိ မရှိ ကြီးကြပ်ခြင်းနှင့် ၎င်းအခွင့်အရေးများကို တိုးမြှင့်ပေးခြင်း စသည်တို့ကို လုပ်ဆောင်နိုင်စွမ်းရှိသော လူ့အခွင့်အရေးကော်မရှင် ကဲ့သို့သော အခွင့်အရေးများကို ကျင့်သုံးရာတွင် အထောက်အကူဖြစ်စေနိုင်သော လွတ်လပ်သည့် အဖွဲ့အစည်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် ဖွဲ့စည်းနိုင်သည်။

## <u>အစိုးရနှင့် တရားရုံးများ၏ လုပ်ငန်းဆောင်တာများကို မည်သို့ ဆောင်ရွက်သနည်း။</u>

- ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အဓိက မဏ္ဍိုင်ကြီး သုံးရပ်ကို ဖွဲ့စည်းသည်။ ဥပဒေပြု မဏ္ဍိုင်သည် ဥပဒေများကို ပြဋ္ဌာန်းသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်သည် ပြဋ္ဌာန်းထားသော ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်ပြီး၊ တရားစီရင်ရေးမဏ္ဍိုင်မှာမူ ပြဋ္ဌာန်းဥပဒေနှင့် အညီ ဥပဒေများကို အာဏာသက်ရောက်စေရန် ကျင့်သုံးဆောင်ရွက်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဤအဓိက မဏ္ဍိုင်ကြီး သုံးရပ်အကြား အာဏာများကို မည်သို့ခွဲဝေမည် ဆိုသည်ကို သတ်မှတ်သည်။
- **ဥပဒေပြု အဖွဲ့အစည်းများ**မှ ကိုယ်စားလှယ်အားလုံး သို့မဟုတ် အများစုကို ပြည်သူတို့က သတ်မှတ်ထားသော ကာလအတိုင်းအတာ တစ်ခုအတွက် ရွေးချယ်တင်မြှောက်ထားခြင်း ဖြစ်သည်။ ၎င်းတို့သည် တာဝန်ခံနိုင်မှု၊ နေ့စဉ်နှင့် အမျှ ပေါ်ပေါက်လာသော အကြောင်းအချက်များကို အခြေအတင် ဆွေးနွေးနိုင်မှုများကို သီးခြားလုပ်ပိုင်ခွင့်ရှိပြီး ပြည်သူများကို ကိုယ်စားပြုရသူများ ဖြစ်သည်။
- **အုပ်ချုပ်ရေးမဏ္ဍိုင်**သည် အစိုးရ၏ မူဝါဒများနှင့် စီမံကိန်းများကို တိုးမြှင့်ဆောင်ရွက်ပြီး ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းသည် ဥပဒေအသစ်များ ရေးဆွဲပေးရန် ဆောင်ဆိုနိုင်ပြီး တပ်မတော်နှင့် အရပ်ဘက် ပြည်သူ့ဝန်ထမ်းများအား ကြီးကြပ်ပေးရသော အခန်းကဏ္ဍကို တာဝန်ယူရသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်း၏ အကြီးအကဲထံတွင် အုပ်ချုပ်ရေးအဖွဲ့အတွက် အဖွဲ့ဝင်အသစ်များ ခန့်အပ်နိုင်သော အာဏာ၊ ဥပဒေမူကြမ်းများအား ငြင်းပယ်ခြင်း၊ မထုတ်ပြန်သေးဘဲ ဆိုင်းငံ့ထားခြင်း၊ နိုင်ငံတကာ


To download this document in PDF version, visit www.lexisnexis.com.my

သဘောတူစာချုပ်များသို့ ဝင်ရောက် သဘောတူချုပ်ဆိုခြင်း၊ စစ်ကြေငြာခြင်း၊ ငြိမ်းချမ်းရေး ကြေငြာခြင်း စသည်တို့ အပါအဝင် အခြားသော သီးခြားလုပ်ပိုင်ခွင့်များ ရှိလေသည်။

- **တရားရုံးများ**သည် လူပုဂ္ဂိုလ်နှစ်ဦးအကြား၊ အဖွဲ့အစည်းနှစ်ခု အကြား သို့မဟုတ် လူတစ်ဦးတစ်ယောက်နှင့် နိုင်ငံတော်တို့အကြား တရားမျှတမှု ရှာဖွေခြင်းကို ကြီးကြပ်သည်။ ထို့ကြောင့် တရားသူကြီးများအနေဖြင့် အစိုးရနှင့် အခြားသော အကျိုးစီးပွားများမှ ကင်းလွတ်ပြီး ဘက်လိုက်ခြင်းကင်းရန်မှာ အသက်တမျှ အရေးပါလှပေသည်။ ၎င်းတို့၏ လွတ်လပ်မှုကို သေချာစေရန်အတွက် တရားသူကြီးများအား ခန့်အပ်ရာတွင် ၎င်းတို့၏ ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေး ဆက်နွယ်မှုများကို အခြေခံပြီး ရွေးချယ်ခန့်အပ်ခြင်းထက် အမှီအခိုကင်းမှုကိုသာ အခြေခံပြီး ရွေးချယ်ရသည်။ ထိုအကြောင်းအရင်းများကြောင့်ပင်လျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ တရားသူကြီးများအား မည်သည့် အခြေအနေမျိုးတွင် ဖယ်ရှားနိုင်သည်ဆိုသည့် တိကျသော လမ်းညွှန်ချက်များကို ထည့်သွင်းထားရလေသည်။

**ဗဟိုနှင့် ဒေသများအကြား အာဏာကို မည်သို့ ခွဲဝေသနည်း။**

- ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုတွင် လုပ်ပိုင်ခွင့် အာဏာများအား ဗဟိုနှင့် ဒေသဆိုင်ရာ အဆင့်များအကြား မည်သို့မည်ပုံ ခွဲဝေရမည်ဆိုသည့် အချက်များကို သတ်မှတ်ထားရသည်။
- **Unitary States** (ဗဟိုချုပ်ကိုင်စနစ်)သည် ဗဟိုအစိုးရမှ တစ်ခုတည်းသော အစိုးရ အဖွဲ့အဖြစ် အရေးအပါဆုံး အခန်းကဏ္ဍကို တာဝန်ယူထားခြင်း ဖြစ်သည်။ တစ်ချို့ ကိစ္စရပ်များကို ကိုင်တွယ်နိုင်ရန်အတွက် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း ရှိနိုင်သည် ဖြစ်သော်လည်း ဗဟိုအစိုးရသည် ၎င်းတို့ ကျင့်သုံးနေသော အာဏာဖြင့် လုပ်ပိုင်ခွင့် အာဏာ ကိုင်စွဲထားခြင်းနှင့် အာဏာပေးအပ်ခြင်း ကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်။
- **ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဗဟိုချုပ်ကိုင်စနစ် မဟုတ်သော ပြည်ထောင်စု** ဆိုသည်မှာ အချို့သော ပြည်နယ်နှင့် တိုင်းဒေသများအတွက် အာဏာအချို့အဝက်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေမှ ဖန်တီးပေးအပ်ထားပေသည်။ မတူညီသော ဒေသများသည် တူညီသော လုပ်ပိုင်ခွင့် အာဏာကို ကျင့်သုံးသကဲ့သို့ ဒေသအလိုက် လုပ်ပိုင်ခွင့် အာဏာများ ကွဲပြားခြားနားသွားနိုင်သည်။ "Asymmetrical Status" ဟု လူသိများလေသည်။
- **ဖက်ဒရယ်လ်ပြည်ထောင်စုနိုင်ငံတော်**တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဗဟိုအစိုးရနှင့် ပြည်နယ် သို့မဟုတ် နယ်ပယ်အစိုးရများအကြား လုပ်ပိုင်ခွင့် အာဏာများကို မျှဝေပေးထားခြင်း ဖြစ်သည်။

## ခ။ လက်ရှိ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အရေးပါသော ပြဋ္ဌာန်းချက်များ

### အခွင့်အရေးများ

အမျိုးမျိုးသော တရားမ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖော်ပြသတ်မှတ်ထားသည်။ များပြားသော ယင်းအခွင့်အရေးများကို နိုင်ငံသားများက ကျင့်သုံး ခံစားပိုင်ခွင့် ရှိသည်။

- ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တစ်ချို့အခွင့်အရေးများကို ခြွင်းချက်မထားဘဲ ပေးအပ်ထားသည်။
  ပါဝင်သော ပြဋ္ဌာန်းချက်များမှာ
    - လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့် မရှိစေရ။(ပုဒ်မ ၄၄)၊ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။(ပုဒ်မ ၃၄၇)၊ နှိမ့်ချ ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်သည့် အခွင့်အရေး (ပုဒ်မ ၃၄၈)၊ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်။(ပုဒ်မ ၃၅၈)၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရေး - ပုဒ်မ ၁၉ (ဂ)၊ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ် ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ ခံစားခွင့်ရှိသည်။ ပုဒ်မ ၂၁ (က)။

BINGHAM CENTRE FOR THE RULE OF LAW

LexisNexis®

- မည်သို့ပင်ဖြစ်စေ အချို့အခြေအနေများတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ဖော်ပြထားသော ယေဘုယျဆန်ပြီး ဘောင်ကျယ်သော အခွင့်အရေးများကို ကန့်သတ်နိုင်သည်။ ပါဝင်သော ပြဌာန်းချက်များမှာ -
    - လွတ်လပ်စွာ ယူဆတွေးတောနိုင်သော အခွင့်အရေး (ပုဒ်မ ၃၄)၊ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှ တစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ။ (ပုဒ်မ ၃၅၃)၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်စုဝေးခွင့်၊ စီတန်းလှည့်လည်သွားလာခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့် ပုဒ်မ (ပုဒ်မ ၃၅၄)၊ အတင်း အဓမ္မလုပ်အားပေးရန် ခိုင်းစေခံရမှုမှ ကာကွယ်ခြင်း(ပုဒ်မ ၃၅၉)၊ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့် ရှိသည်(ပုဒ်မ ၃၆၅)၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ (ပုဒ်မ ၃၇၆)၊ အခြေအနေနှင့် အချိန်အခါမှ တစ်ပါး နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်းမပြုရ (ပုဒ်မ ၃၈၁)၊ နှင့် နိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှု မပြုရခြင်း (ပုဒ်မ ၃၅၂)။
- ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖော်ပြထားသော အခွင့်အရေးများမှာ နိုင်ငံတော် အရေးပေါ် အခြေအနေတွင် ဆိုင်းငန့်ရပ်တန့် ခံရခြင်းများ ရှိနိုင်သဖြင့် လွှမ်းမိုးခံရနိုင်သော အခွင့်အရေးများ ဖြစ်ပါသည်။ (ပုဒ်မ ၄၁၄၊ ပုဒ်မ ၄၂၀)။

## <u>ဥပဒေပြု(လွှတ်တော်)၏ အခန်းကဏ္ဍနှင့် ဖွဲ့စည်းပုံ</u>

<u>ဥပဒေပြုသူ(အမတ်များ)ကို မည်ကဲ့သို့ ရွေးချယ်သနည်း။</u>

- ပြည်ထောင်စုလွှတ်တော်ကို လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းသည်။ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ ဖြစ်သည်။ (ပုဒ်မ ၇၄)
- ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် - (ပုဒ်မ ၁၀၉)
    - (က) မြို့နယ်ကို အခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်း ဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်း၍ လည်းကောင်း၊ ဥပဒေနှင့် အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦး ထက်မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊
    - (ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့် အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦး ထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ။
- အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်။ (ပုဒ်မ ၁၄၁)
    - (က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊
    - (ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့် အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး၊


To download this document in PDF version, visit **www.lexisnexis.com.my**

- ကိုယ်စားလှယ်များအားလုံးကို ငါးနှစ်တာ သက်တမ်းကာလ အတွက်သာ ရွေးချယ်(ခန့်အပ်)ခြင်း ဖြစ်ပါသည်။ (ပုဒ်မ ၁၁၉ နှင့် ၁၅၁ )

<u>ဥပဒေပြုသူတို့၏ လုပ်ပိုင်ခွင့်များမှာ အဘယ်နည်း</u>

- ပြည်ထောင်စုလွှတ်တော်သည် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန် တာဝန်ရှိပါသည်။ (ပုဒ်မ ၉၅ နှင့် ၁၅၁)
- (က) ပြည်သူ့လွှတ်တော်တွင် ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင် ဖြစ်စေ စတင် တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်က အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။ (ပုဒ်မ ၉၅ (က))
  (ခ) ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။ (ပုဒ်မ ၉၅ (ခ))
- ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စု ဘဏ္ဍာငွေဆိုင်ရာ ဥပဒေကြမ်းများတွင် သမ္မတမှ တင်ပြတောင်းခံလာသော ဘဏ္ဍာငွေကို တိုးမြှင့်ခြင်း၊ ထောက်ခံခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် သုံးစွဲမှု ကန့်သတ်ခြင်း စသည့် အခန်းကဏ္ဍကို လုပ်ဆောင်သည်။ (ပုဒ်မ ၁၀၃)
  မည်သို့ပင်ဆိုစေကာမူ ပြည်ထောင်စုလွှတ်တော်အနေဖြင့် ကန့်သတ်ရန်မဖြစ်နိုင်သော ဘဏ္ဍာငွေ အသုံးစရိတ်များလည်း ရှိနေသေးပါသည်။ (ပုဒ်မ ၁၀၃ (ခ))
- ဥပဒေပြုလွှတ်တော်များတွင် အဆိုတင်သွင်းလာသော ဥပဒေများကို ဆွေးနွေးခြင်း၊ အမေးအဖြေပြုလုပ်ခြင်းစသည့် အရေးပါသော အခန်းကဏ္ဍများကို ဆောင်ရွက်နိုင်သော်လည်း ပုဒ်မ ၈၉ အရ တားမြစ်ထားသည်မှာ ဥပဒေမှ ပုံနှိပ်ထုတ်ဝေရန် တားမြစ်ထားသည့်အရာများကို ပုံနှိပ်ထုတ်ဝေခြင်းမပြုနိုင်ပေ။

<u>**အုပ်ချုပ်ရေးမဏ္ဍိုင်၏ အခန်းကဏ္ဍနှင့် ဖွဲ့စည်းပုံ**</u>

- ဖွဲ့စည်းပုံ အခြေခံဥပဒေမှ သမ္မတအုပ်ချုပ်ရေးစနစ်ကို သတ်မှတ်ထားပြီး အာဏာများကို အုပ်ချုပ်ရေးကဏ္ဍ (သမ္မတအကြီးအကဲ ဖြစ်သည်)၊ ဥပဒေပြု ကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍများအား ခွဲဝေပေးအပ်ထားသည်။(ပုဒ်မ ၁၆ နှင့် ၁၁ (က))

<u>သမ္မတအား မည်ကဲ့သို့ ရွေးချယ်သနည်း</u>

- နိုင်ငံတော် သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်ရမည်။ (ပုဒ်မ ၆၀ (က))
- သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ သုံးဖွဲ့ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်။
  (၁) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၊
  (၂) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၊
  (၃) ဖော်ပြပါ လွှတ်တော် နှစ်ရပ်အတွက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့။ (ပုဒ်မ ၆၀ (ခ))
- ယင်းအစုအဖွဲ့ တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှ ဖြစ်စေ ရွေးချယ်တင်မြှောက်ရမည်။ (ပုဒ်မ ၆၀ (ဂ)နှင့် (င))
- နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည် သို့ နှစ်ကြိမ်ထက် ပိုပြီး သမ္မတဖြစ်ခွင့် မရှိပေ (ပုဒ်မ (၆၁))
- ပုဒ်မ ၅၉ အရ သတ်မှတ်ထားသော နိုင်ငံတော် သမ္မတနှင့် ဒုတိယ သမ္မတများ၏ အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်သည် - (က) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ ဖြစ်ရမည်၊ မိမိနှင့် မိမိ၏ မိဘနှစ်ပါးစလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်။ အနည်းဆုံး အသက် ၄၅ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်၊ နိုင်ငံတော် အရေးအရာများ ဖြစ်သော နိုင်ငံရေး၊

အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး စသည့် အမြင်များရှိရမည်။ (ခ) ပုဒ်မ၅၉အရ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါး သော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်း သောလည်းကောင်း၊ မိမိတရားဝင် သားသမီးတစ်ဦးဦး သော်လည်းကောင်း၊ ထိုတရားဝင် သားသမီး တစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့် ရှိသူများ မဖြစ်စေရ။

သမ္မတ၏ လုပ်ပိုင်ခွင့်များမှာ အဘယ်နည်း။

- နိုင်ငံတော်သမ္မတတွင် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်ထားသော ဒုတိယသမ္မတများမှ လွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အဖွဲ့ဝင်များကို ရွေးချယ်နိုင်သော အခွင့်အာဏာရှိသည်။ သူ သို့မဟုတ် သူမက ရွေးချယ်လိုက်သော အဖွဲ့ဝင်များကို ဥပဒေပြုအဖွဲ့ဝင်များအားလုံးက သဘောတူညီရပေမည်။ သို့သော်လည်း သတ်မှတ်ထားသော အရည်အချင်းများနှင့် ကိုက်ညီမှုမရှိကြောင်း သက်သေပြနိုင်ပါက သဘောမတူဘဲ နေနိုင်သည်။ (ပုဒ်မ ၂၃၂ (ခ)နှင့်(ဂ)၊ ၂၃၇ (က)နှင့်(ခ))
- ကာကွယ်ရေးဝန်ကြီးများ၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်မှ တင်သွင်းပေးပို့ထားသော အမည်စာရင်းများထဲမှ ရွေးချယ်ခန့်အပ်နိုင်သည်။ (၂၃၂ (ခ))
- နိုင်ငံတော် သမ္မတထံတွင် အောက်ဖော်ပြပါ လုပ်ပိုင်ခွင့် အာဏာများလည်း ရှိသည်။
    - နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ခြင်း၊ သံတမန် အဆက်အသွယ်ဖြတ်တောက်ခြင်း ပြုနိုင်သည်။ (ပုဒ်မ ၂၀၆)
    - ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ရှိသော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များကို ချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်များမှ နုတ်ထက်ခြင်း ပြုနိုင်သည်။ (ပုဒ်မ ၂၀၉)
    - ပြည်ထောင်စု လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အပြင် နိုင်ငံတော်တစ်ဝှမ်းလုံးသို့ မိန့်ခွန်း ပြောကြားနိုင်သည်။ (ပုဒ်မ ၂၁၀)
    - ဥပဒေပြုလွှတ်တော်သို့ အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပခွင့် ရှိသည်။ (ပုဒ်မ ၂၁၁)
    - လွှတ်တော်ပုံမှန် အစည်းအဝေးများ ကျင်းပနေသည့် အတောအတွင်းမဟုတ်သော်လည်း အရေးတကြီး လိုအပ်နေသော ဥပဒေ တစ်ခုခုကို အာဏာသက်ရောက်စေနိုင်သည်။ (ပုဒ်မ ၂၁၂)
    - အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေး ကော်မတီ၏ သဘောတူညီချက်နှင့်အတူ ပြည်ထောင်စုအား ဆန့်ကျင် အကြမ်းဖက်မှုများကို စစ်ရေးအရ အရေးယူ ဆောင်ရွက်နိုင်သည်။ (ပုဒ်မ ၂၁၃)
    - တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု အချင်းချင်း ဖြစ်ပွားသည့် အုပ်ချုပ်မှုဆိုင်ရာ အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခြင်း၊ လိုအပ်လျှင် အဆုံးအဖြတ်ပေးခြင်း ပြုနိုင်သည်။ (ပုဒ်မ ၂၂၆)
- နိုင်ငံတော်သမ္မတသည် လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန် ကြေငြာရမည်။ မည်သို့ပင် ဖြစ်စေ ၁၄ ပြည့်မြောက်သည်အထိ နိုင်ငံတော် သမ္မတက လက်မှတ်မထိုးလျှင်လည်း ထိုဥပဒေမူကြမ်းမှာ ဥပဒေဖြစ်လာလေသည်။


To download this document in PDF version, visit **www.lexisnexis.com.my**

- နိုင်ငံတော်သမ္မတသည် မိမိအား အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန် တာဝန်မရှိချေ။ (ပုဒ်မ ၂၁၅)
- မည်သို့ပင်စေကာမူ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဥပဒေပြုလွှတ်တော်မှ နိုင်ငံတော် သမ္မတအား ရာထူးမှ ဖယ်ရှားပစ်နိုင်သော အခြေအနေများကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ (ပုဒ်မ ၇၁)

## <u>တရားရုံးဖွဲ့စည်းပုံနှင့် ခန့်အပ်ခြင်း</u>

<u>တရားသူကြီးများအား မည်ကဲ့သို့ ရွေးချယ်သနည်း။</u>

- ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ အကြီးအကဲဖြစ်သူ ပြည်ထောင်စု တရားသူကြီးချုပ်ကို ဥပဒေပြု လွှတ်တော်၏ သဘောတူညီချက်နှင့်အတူ သမ္မတမှ ရွေးချယ်ခန့်အပ်သည်။ သမ္မတက ရွေးချယ်သော လူပုဂ္ဂိုလ်အား သတ်မှတ်ထားသော အရည်အချင်း ပြည့်မှီခြင်းမရှိမှသာ ဥပဒေပြုလွှတ်တော်မှ ကန့်ကွက်နိုင်သည်။ (ပုဒ်မ ၂၂၉)
- တရားသူကြီးချုပ်၏ အကူအညီဖြင့် သမ္မတက ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများကို ဆက်လက်ရွေးချယ်နိုင်သည့်အပြင်(ပုဒ်မ ၂၂၉)၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများဆိုင်ရာ တရားရုံးချုပ် တရားသူကြီးများကိုလည်း ခန့်အပ်နိုင်သည်။ ကျန်ရှိသော အဆင့်များအလိုက် တရားသူကြီးများကို ပြည်ထောင်စု တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်များ၏ ရွေးချယ်မှုဖြင့် ခန့်အပ်ထားနိုင်သည်။ (ပုဒ်မ ၃၀၈ (ခ))
- နောက်ဆုံးအနေဖြင့် ပြည်ထောင်စု ဖွဲ့စည်းပုံ ဆိုင်ရာ ခုံရုံးအတွက် ခုံသမာဓိ တရားသူကြီးများ၏ သုံးပုံတစ်ပုံကို နိုင်ငံတော် သမ္မတက ခန့်အပ်နိုင်သည် (ပုဒ်မ ၃၂၁)။ နောက်ထပ် သုံးပုံ တစ်ပုံကိုမူ ပြည်သူ့လွှတ်တော် ဥက္ကဌမှ ရွေးချယ်ခန့်အပ်နိုင်သည်။ (ပုဒ်မ ၃၃၅)

<u>တရားရုံးများ၏ လုပ်ပိုင်ခွင့်များမှာ အဘယ်နည်း။</u>

- တရားစီရင်ပိုင်ခွင့် အာဏာများကို (အမြင့်ဆုံး အယူခံတရားရုံးဖြစ်သော) ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရုံးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ အပါအဝင် အခြားအဆင့် တရားရုံးများအကြား ခွဲဝေထားသည်။ (ပုဒ်မ ၁၈)
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရုံးချုပ်များသည် အယူခံမှုများနှင့် အခြားအမှုများကို ကြားနာစစ်ဆေး ဆုံးဖြတ်နိုင်သည်။ (ပုဒ်မ ၃၀၆)
- တရားလွှတ်တော်ချုပ်သည် ရေးသားထားသော အမိန့်စာအား အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ထုတ်ဆင့်နိုင်သော အာဏာရှိသည် -
    - အာဏာပိုင်များက ထိန်းသိမ်းထားသော လူပုဂ္ဂိုလ်တစ်ယောက်အား ၎င်း၏ ထောင်ဒဏ်ကျခံရမှုအား တရားဝင် မဝင် ဆင်ခြင်ဆုံးဖြတ်ရန်အတွက် ရုံးတော် ရှေ့မှောက်သို့ လာရောက်စေရန် လိုအပ်လျှင် သော်လည်းကောင်း
    - အဆင့်နိမ့်တရားရုံးနှင့် အစိုးရဝန်ထမ်းများအား သီးခြား တာဝန်တစ်ခုခုကို ဆောင်ရွက်စေလိုလျှင် လည်းကောင်း
    - အောက်တရားရုံး တစ်ရုံးရုံးမှ ဥပဒေအရ တားမြစ်ထားသည်ကို ဆောင်ရွက်နေခြင်းမှ ရပ်တန့်စေရန်အတွက် လည်းကောင်း
    - လုပ်ပိုင်ခွင့် အာဏာ ကျင့်သုံးနေသော လူပုဂ္ဂိုလ်တစ်ယောက်အား ယင်းကဲ့သို့ အာဏာ ကျင့်သုံးပိုင်ခွင့် ရှိကြောင်း သက်သေပြစေရန် လိုအပ်သော အခါတွင်လည်းကောင်း
    - အောက်ရုံးများ၏ ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ရန် အတွက် သော်လည်းကောင်း

- ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ သတ်မှတ်ထားသော စည်းမျဉ်းများကို အဓိပ္ပါယ်ဖွင့်ဆိုပေးခြင်း၊ ဥပဒေပြုလွှတ်တော်များမှ ပြဋ္ဌာန်းလိုက်သော ဥပဒေများအား ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကိုက်ညီမှုရှိ မရှိ စစ်ဆေးဆောင်ရွက်ခြင်း စသည်တို့ကို လုပ်ဆောင်ရန် တာဝန်ရှိသည်။ (ပုဒ်မ ၄၆)
- မည်သို့ပင် ဆိုစေကာမူ ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးမှ ကိုက်ညီမှုမရှိဟု ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ကိုမူ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြမည် မဟုတ်ချေ။ ဖွဲ့စည်းပုံ အခြေခံခုံရုံးသည် ကိုက်ညီမှုမရှိဟူသော ၎င်း၏ ရှာဖွေတွေ့ရှိမှုကို ရိုးရှင်းစွာ ထုတ်ပြန်လိုက်ရုံသာ ဖြစ်ပြီး ထိုဥပဒေမှာလည်း ဆက်လက်အာဏာ သက်ရောက်နေမည်ဟု ထင်မြင်ရသည်။

## <u>နိုင်ငံတော်ဖွဲ့စည်းပုံ</u>

<u>မတူညီသော အဆင့်များကြားတွင် အာဏာကို မည်သို့ ခွဲခြမ်းထားသနည်း။</u>

- ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့အတွက် အာဏာသုံးရပ်ကို ပိုင်းခြားထားပြီး ထိုသို့ ပိုင်းခြားထားသည့် နိုင်ငံတော် အာဏာ သုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအား ခွဲဝေအပ်နှင်းသည်။ (ပုဒ်မ ၁၁ (ခ))
    - ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လွှတ်တော် (ပုဒ်မ ၁၆၁)နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇုံများ (ပုဒ်မ ၁၉၆)တွင် ဥပဒေပြုရေးအတွက် အထောက်အကူ ပေးထားပါသည်။ ဤဥပဒေပြုလွှတ်တော်များမှ အချို့သော နယ်ပယ်များအတွက် ဥပဒေများ ပြဋ္ဌာန်းထားနိုင်သည် ဖြစ်သော်လည်း ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သော ဥပဒေများက လွှမ်းမိုးသွားမည် ဖြစ်သည်။ သို့သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေပြုလွှတ်တော်များတွင်လည်း သီးသန့်ဥပဒေ ရေးဆွဲနိုင်သော နယ်ပယ်များတွင် လုပ်ပိုင်ခွင့် အနည်းငယ်ရှိပါသည်။ (ပုဒ်မ ၁၉၈ (ခ))
    - ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအား ၎င်းတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် ဥပဒေပြုနိုင်စေရန် သီးခြားလုပ်ပိုင်ခွင့် အာဏာများ ပေးအပ်ထားပါသည်၊ (ပုဒ်မ ၂၄၉)။ သို့ရာတွင် သမ္မတမှ ရွေးချယ်ခန့်အပ်ထားသော ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သမ္မတထံသို့ တာဝန်ခံရလေသည်။ (ပုဒ်မ ၂၆၁ (ခ))
    - နိုင်ငံတော်အဆင့်၊ တိုင်းဒေသအဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တရားရုံးများစွာ ရှိပြီး ၎င်းရုံးများတွင် အမှုများ ကြားနာစစ်ဆေး ဆုံးဖြတ်ပိုင်ခွင့်နှင့် အယူခံပိုင်ခွင့် အာဏာရှိလေသည်။ မည်သို့ပင် ဆိုစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်အတွက် တရားသူကြီးချုပ်ကိုမူ နိုင်ငံတော် သမ္မတမှ ရွေးချယ်ခန့်အပ်လေသည်။ (ပုဒ်မ ၃၀၈ (ခ))
- တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုံများရှိ လုပ်ပိုင်ခွင့် အာဏာများကို အရေးပေါ် အခြေအနေများတွင် ပြန်လည်ရုပ်သိမ်းနိုင်သည်။ (ပုဒ်မ ၄၁၁နှင့် ၄၁၃)
- ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တိုင်းဒေသကြီးများ၊ ပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇုံများကို ပြည်ထောင်စုမှ ခွဲထွက်ခြင်းအား တားမြစ်ထားသည်။ (ပုဒ်မ ၁၀)

## <u>လက်နက်ကိုင် အခန်းကဏ္ဍနှင့် ထိန်းချုပ်ခြင်း</u>

- ပြည်ထောင်စုအတွင်းရှိ လက်နက်ကိုင် တပ်ဖွဲ့အားလုံးသည် ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ခံ တပ်များသာ ဖြစ်ရမည်။ (ပုဒ်မ ၃၃၈)
- ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ တာဝန်ရှိသူ အကြီးအကဲ ဖြစ်သည်။ (ပုဒ်မ ၂၀ (ဂ))။

- သမ္မတသည် တပ်မတော်ကာကွယ်ရေး/ဦးစီးချုပ်အား နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံအကြံပြုချက်အတိုင်း ရွေးချယ်ရသည်။ (ပုဒ်မ ၃၄၂)

<u>လက်နက်ကိုင် တပ်ဖွဲ့များ၏ လုပ်ပိုင်ခွင့်များမှာ အဘယ်နည်း။</u>

- ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တပ်မတော်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေကို စောင့်ရှောက်ရန် တာဝန်ရှိသည့်အပြင် (ပုဒ်မ ၂၀(စ)) ပြည်ထောင်စုအား ပြည်တွင်းပြည်ပ အန္တရာယ်များမှ ကာကွယ်စောင့်ရှောက် ပေးရမည်။ (ပုဒ်မ ၃၃၉)
- တပ်မတော်သည် ပြည်သူလူထုအား ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ပါဝင်လာစေရန် အမိန့်ပေးနိုင်သည့် အာဏာရှိသည်။ (ပုဒ်မ ၂၀ (ဃ))
- ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တပ်မတော်အား တပ်မတော်နှင့် ပတ်သက်သော အရေးကိစ္စအားလုံးကို လွတ်လပ်စွာ ထိန်းချုပ်နိုင်သည့် အခွင့်အရေးအား ခွင့်ပြုထားသည်။ (ပုဒ်မ ၂၀(ခ))
- စစ်ဘက်ရေးရာ တရားစီရင်မှုများအတွက် သာမန် တရားရုံးစနစ်များမဟုတ်သော စစ်ခုံရုံးတွင် စီရင် ဆုံးဖြတ်ရန် ဖြစ်သည်၊ (ပုဒ်မ ၃၁၉)။ စစ်ဘက်တရားစီရင် ဆုံးဖြတ်ရေး ကိစ္စရပ်များနှင့် ပတ်သက်ပြီး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ ဆုံးဖြတ်ချက်မှာ အပြီးအပြတ်ဖြစ်သည်။ (ပုဒ်မ ၄၃၄(က))
- လက်နက်ကိုင်တပ်ဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုကို အရပ်ဘက်မှ ကြီးကြပ်ရန် သို့မဟုတ် ထိန်းချုပ်နိုင်ရန် ခွင့်ပြုပေးထားသော ပြဌာန်းချက်မရှိပါ။

## အရေးပေါ်အာဏာများ

<u>မည်သည့် အခြေအနေများကို နိုင်ငံတော် အရေးပေါ် အခြေအနေများဟု ခေါ်သနည်း။</u>

၁။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စု နယ်မြေများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၏ စီမံအုပ်ချုပ်ရေး တာဝန်များအား ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အညီ ဆောင်ရွက်နိုင်ခြင်း မရှိတော့လျှင် (ပုဒ်မ ၄၁၀)

၂။ ပြည်သူလူထု၏ အသက် အိုးအိမ် စည်းစိမ်များကို အရေးပေါ် ခြိမ်းခြောက်မှုများ ဖြစ်ပေါ် (ဖြစ်ပေါ်လာနိုင်သော) လာလျှင် (ပုဒ်မ ၄၁၂)

၃။ ပြည်ထောင်စု ပြိုကွဲသွားနိုင်သော၊ အမျိုးသား စည်းလုံးညီညွတ်ရေး ပြိုကွဲသွားနိုင်သော၊ နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ခြိမ်းခြောက်ထိပါးလာသော အနေအထား တစ်ရပ်ဆီသို့ ဦးတည်နေလျှင် - ၄င်းအခြေအနေများ အားလုံးကို နိုင်ငံတော် အရေးပေါ် အခြေအနေဟု ခေါ်သည်။

<u>အရေးပေါ် အခြေအနေကို မည်သူက ကြေငြာနိုင်သနည်း။</u>

- အထက်ပါ အချင်းအရာများထဲမှ ပထမ အခြေအနေနှစ်ရပ်အတွက် နိုင်ငံတော်သမ္မတသည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ဆွေးနွေးပြီး အရေးပေါ် အခြေအနေအား မည်သည့်နေရာ ဒေသများသို့ မည်မျှကြာကြာ သက်ရောက်မည် ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာနိုင်သည်။ (ပုဒ်မ ၄၁၄(က))
- တတိယမြောက် ကိစ္စရပ်အတွက် နိုင်ငံတော် သမ္မတသည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ဆွေးနွေးပြီး အရေးပေါ် အခြေအနေအား တစ်နှစ် ကြာမြင့်မည် ဖြစ်ကြောင်းနှင့် ပြည်ထောင်စု တစ်ခုလုံး အတိုင်းအတာဖြင့် လွှမ်းခြုံကြောင်း ကြေငြာနိုင်သည်။ နိုင်ငံတော် အရေးပေါ်အခြေအနေကို ထပ်မံ၍ တစ်ကြိမ်လျှင် ခြောက်လစီဖြင့် နှစ်ကြိမ်အထိ တိုးမြှင့် ကြေငြာနိုင်သည်၊(ပုဒ်မ ၄၂၁ (ခ))။ (ပုဒ်မ ၄၀ (ဂ))အရ ဤအခြေအနေမျိုးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အလုံးစုံ လွှဲပြောင်း ရယူနိုင်ခွင့် ရှိသည်။

<u>အရေးပေါ်အာဏာများကို မည်သူက ဆုပ်ကိုင်ထားပြီး ၎င်းတို့မှာ အဘယ်နည်း။</u>

- ပထမ အရေးပေါ် အခြေအနေ ကြေငြာရချိန် အတောအတွင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ် နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအားလုံး၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများကို နိုင်ငံတော် သမ္မတထံ လွှဲအပ်နိုင်သည်။ (ပုဒ်မ ၄၁၁)
- ဒုတိယ အရေးပေါ် အခြေအနေမျိုးတွင် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းဆောင်တာများကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်၏ အကူအညီကို ရယူနိုင်သည် သို့မဟုတ် နိုင်ငံတော် သမ္မတက စစ်အုပ်ချုပ်ရေးအဖြစ် ကြေငြာပေးနိုင်ပြီး ယင်းအချိန်အတောအတွင်းတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ပေးနိုင်သည်။ (ပုဒ်မ ၄၁၃)
- တတိယမြောက် အရေးပေါ် အခြေအနေမျိုးတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအာဏာများကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ လွှဲအပ်ပေးနိုင်သည် (ပုဒ်မ ၄၁၈)။ အရေးပေါ်ကာလ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် နိုင်ငံတော် အာဏာကို ဥပဒေပြု လွှတ်တော်များ ပြန်လည်စုံညီစွာ တက်ရောက်ခြင်း မရှိနိုင်သေးမီ ကာလအထိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီထံသို့ ပြန်လည်လွှဲအပ်နိုင်သည်။ (ပုဒ်မ ၄၂၇)
- (ပုဒ်မ ၄၁၄ နှင့် ၄၂၀)၊ ထို့ပြင် နိုင်ငံတော် အရေးပေါ် အခြေအနေအတွင်း အာဏာရယူထားခဲ့သော မည်သူ့ကိုမဆို တရားဥပဒေအရ အရေးယူခြင်း မပြုရ။(ပုဒ်မ ၄၃၂)

**<u>ပြင်ဆင်ပြဌာန်းခြင်းများ</u>**

- ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းနှင့် အထက်မှ ပြင်ဆင်နိုင်ရန် အကြံပြုချက် တင်ပြရမည်။ (၄၃၃၊ ၅၃၄၊ ၄၃၅)
- ပြင်ဆင်သော ဥပဒေ ပြဌာန်းနိုင်ရန်အတွက် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ၇၅%နှင့် အထက် အထောက်ခံရန် လိုအပ်လေသည်။ (၄၃၆)
- ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ သီးခြားပုဒ်မများကို ပြင်ဆင်ခြင်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသော ပြည်သူအများစု၏ ထောက်ခံမှုဖြင့် ပြုလုပ်နိုင်သည်။ (၄၃၆ (က))။

## ၈။ ပြုပြင်နိုင်ရန် ဖြစ်နိုင်ခြေရှိသော နယ်ပယ်ဧရိယာများ

### <u>အခွင့်အရေးဆိုင်ရာ အာမခံချက်များ</u>

<u>အရေးကြီးသော အခြားအခွင့်အရေးများ</u>

- လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အရေးကြီးသော အခွင့်အရေးများ ပါဝင်ခြင်းမရှိပေ။ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ကြီးလေးစွာ အပြစ်ဒဏ်ချမှတ်ခြင်းကို တားမြစ်ထားခြင်းမရှိပေ။ တရားခံ၊ တရားပြိုင်များအတွက် ဥပဒေ အကြံဉာဏ်များ၊ မိမိပါဝင်သော အမှုကိစ္စများအတွက် တရားရုံးတွင် ကြားနာပိုင်ခွင့်၊ တရားရုံးတွင် တက်ရောက်ပြီး သက်သေခံများ တင်ပြတောင်းဆိုပိုင်ခွင့် စသည်တို့ ပါဝင်ခြင်း မရှိပေ။ တူညီသော ပြစ်မှုတစ်ခုအတွက် နှစ်ကြိမ် အပြစ် ပေးခံရခြင်းကို အကာအကွယ် ပြုပေးခြင်း မရှိသည့်အပြင် လူတစ်ဦးအား အပြစ်ရှိသည်ဟု သက်သေ မပြနိုင်သေးမီတွင် အပြစ်ရှိသည်ဟု ယူဆခြင်း ပြုလုပ်ရန် မလိုအပ်ပေ။ ဤအခွင့်အရေးများမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြုပြင်နိုင်ခဲ့လျှင် ပါဝင်လာမည်ဖြစ်သော အခွင့်အရေးများဖြစ်သည်။
- ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်များတွင် ပါဝင်လာသော ပြည်သူ့ဝန်ထမ်းများ၏ လုပ်ဆောင်ချက်များကို ဥပဒေဘောင်အတွင်းမှသာ လုပ်ကိုင်ဆောင်ရွက်စေခြင်း၊ အာဏာရှင် ဆန်ဆန် မဆောင်ရွက်ဘဲ လူတိုင်းအနေဖြင့် တက်ရောက် ကြားနာခွင့် စသည့် တရားစီရင်ရေး စီမံခန့်ခွဲပိုခွင့်များကို ထည့်သွင်း စဉ်းစားခြင်း ပြုနိုင်သည်။ ယခုခေတ်ပေါ် ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကိုလည်း ထည့်သွင်းချမှတ် ပေးလာကြသည်။

<u>ခြွင်းချက်မရှိသော အခွင့်အရေးနှင့် ကန့်သတ်အခွင့်အရေးများ</u>

- ဖွဲ့စည်းပုံ အခြေခံဥပဒေမှ အကာအကွယ်ပေးထားသော အခြားအခွင့်အရေးများလည်း ရှိပါသည်။ သို့သော် ထိုအခွင့်အရေးများအတွက် အကာအကွယ်ပေးခြင်းမှာ နည်းပါးလှပါသည။ ထို့ကြောင့် ထိုအခွင့်အရေးများကို အင်အားကောင်းလာစေရန် ဆောင်ရွက်ဖို့လိုသည်။
- အသက်နှင့် လွတ်လပ်မှုကို ထိခိုက်နစ်နာစေသော အပြုအမူမျိုးကို တားဆီးခြင်း၊ ဥပမာ ယင်းအပြုအမူမျိုးကို ခွင့်ပြုသော ဥပဒေမျိုးကို ပြန်လည်ရေးဆွဲရန် လိုအပ်သည်။ အတင်းအကျပ် လုပ်အားပေးရန် ခိုင်းစေခံရမှုအား ဆန့်ကျင်ပိုင်ခွင့်ရှိသော ဥပဒေအား ပြည်သူ့အကျိုးစီးပွားအတွက် အတင်း လုပ်အားပေးစေနိုင်ရန် ခွင့်ပြုသည့် ဥပဒေဖြင့် လွှမ်းမိုးရန် လိုအပ်သည်။
- ဤအချက်များမှာ ကန့်သတ်ထားသော အခွင့်အရေးများ ခြွင်းချက်မရှိ ပေးအပ်သော အခွင့်အရေးအဖြစ် ရည်ညွှန်းနိုင်သည်။ ဆိုလိုသည်မှာ လုပ်ပိုင်ခွင့်ရှိသူများက ဤအချက်အလက်များကို အခွင့်အရေးဟု အသိအမှတ်ပြုခဲ့ပါက အခြေအနေအရပ်ရပ်တွင် ၎င်းအခွင့်အရေးများကို အကာအကွယ်ပေးရမည် ဖြစ်သည်။ ထိုသို့ အလုံးစုံ ကာကွယ်ပေးသော အခွင့်အရေးများ အဖြစ်သို့ ပြောင်းလဲရန် သဘောထား ရှိနိုင်သည့် အခွင့်အရေးများထဲတွင်- တရားသူကြီး၏ ခွင့်ပြုချက်မရှိဘဲ ၂၄ နာရီထက် ပိုပြီး ထိန်းသိမ်းခံရခြင်းကို ဆန့်ကျင်ကာကွယ်ပေးသော အခွင့်အရေးလည်း ပါဝင်သည်။
- အချို့ကိစ္စများတွင်မူ အခြားသူများ၏ လွတ်လပ်မှုကို ကာကွယ်ပေးရန်အတွက် အခွင့်အရေးများအား ကန့်သတ်ထားရန် လိုအပ်သည်။ လွတ်လပ်စွာ ပြောရေးဆိုခွင့် အခွင့်အရေးသည် တိုင်းရင်းသားမျိုးနွယ်စုများနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်နိုင်လောက်သော စိတ်ခံစား လှုံ့ဆော်မှုမျိုး ဖြစ်စေနိုင်သောအခါ ကန့်သတ်ခံရနိုင်သည်။
- မည်သို့ပင်ဖြစ်စေ ယခု လက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ကန့်သတ်ချက်များမှာ အလွန်ကျယ်ပြန့်ပြီး အခွင့်အရေးများအား ကန့်သတ်နိုင်ရန် ခွင့်ပြုထားသော အခြေအနေများမှာ များပြား ကျယ်ပြန့်လှပါသည်။
- (ဥပမာအားဖြင့်) လွတ်လပ်စွာ ဖော်ထုတ်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်တို့သည် ပြည်ထောင်စု လုံခြုံရေး၊ တရားဥပဒေနှင့် အမိန့်၊ လူမှုအဖွဲ့အစည်း ငြိမ်းချမ်းရေး သို့မဟုတ် လူ့အစဉ်အလာနှင့် ကိုယ်ကျင့်တရားများအတွက် ယခုအခါ ဥပဒေများဖြင့် ကန့်သတ်ခံထားရသည်။
- ဖွဲ့စည်းပုံ အခြေခံဥပဒေ အများစုနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာတမ်းများတွင် မည်သည့် အခြေအနေမျိုးတွင် ထိုအခွင့်အရေးများကို ရပ်တန့်ဆိုင်းငံ့ရန် ခွင့်ပြုခြင်းနှင့် ပတ်သက်ပြီး တိတိကျကျ ဖော်ပြထားကြသည်။ အခွင့်အရေးများကို ကန့်သတ်လိုက်ရသော ရည်ရွယ်ချက်များအား တရားဝင်စေရန်နှင့် ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင်း အမှန်တကယ် ထိုသို့ ပြုလုပ်ရန် အရေးကြီးကြောင်း ထင်ရှားရန် လိုအပ်သည်။ အခွင့်အရေးကို ကန့်သတ်သော မည်သည့်ဥပဒေကိုမဆို ရှင်းလင်းရန်နှင့် ရည်ရွယ်ချက်များအား <u>အချိုးကျကျ အရေးယူဆောင်ရွက်ခြင်း</u> ဖြစ်ရန် လိုအပ်သည်။ အချုပ်အားဖြင့်ဆိုသော် ကန့်သတ်ချက်များသည် ဒီမိုကရေစီ လူ့အဖွဲ့အစည်းများနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်ပြီး၊ လိုအပ်သည်ထက် ပို၍ ကွာခြားမသွားစေရန် အရေးကြီးလှပေသည်။

<u>နိုင်ငံသားဖြစ်ရန် လိုအပ်ချက်များ</u>

- ထိုပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော အခွင့်အရေးအများစုမှာ နိုင်ငံသားများကိုသာ ပေးအပ်ထားခြင်း ဖြစ်သည်။
- ဒီမိုကရေစီနိုင်ငံအများစုက - အခွင့်အရေးများသည် နိုင်ငံတွင်း နေထိုင်သူ အားလုံးအတွက် ဖြစ်သည်ဟု ယုံကြည်ထားကြသည်။
- အကြောင်းအရင်းမှာ - တစ်ချို့အခွင့်အရေးများသည် နိုင်ငံသားများကသာ ထိုက်တန်သော အခွင့်အရေးများ ဖြစ်သည့်အတွက် ပြဿနာများ ဖြစ်ပေါ်လာစေသည်။ အဘယ်ကြောင့်ဆိုသော် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်

နိုင်ငံသားဟူသော အဓိပ္ပါယ် သတ်မှတ်ချက်အား ကျင့်မြောင်းစွာ ဖွင့်ဆိုထားသဖြင့် နိုင်ငံသားဖြစ်ခွင့် မရသူများမှာ အခွင့်အရေးများ ခံစားခွင့်မရ ဖြစ်ကြရသည်။

- ဖွဲ့စည်းပုံအရ နိုင်ငံသားတစ်ဦး ဖြစ်ရန်မှာ လူတစ်ဦး၏ မိဘနှစ်ပါးစလုံးက နိုင်ငံသားဖြစ်ရန် လိုအပ်သည်။ ယင်းအချက်မှာ အခြားနိုင်ငံများတွင် သတ်မှတ်ထားသော နိုင်ငံတွင်းတွင် မွေးဖွားခဲ့သူသည် သို့မဟုတ် မိဘတစ်ဦးဦးက နိုင်ငံသားဖြစ်နေလျှင် နိုင်ငံသားခံစားခွင့် ရှိသည်ဆိုသည့် သတ်မှတ်ချက်ထက် များစွာ တင်းကြပ်လှပါသည်။
- ဖွဲ့စည်းပုံကို ပြုပြင်ပြောင်းလဲရန် သဘောထားအမြင်တစ်ခုမှာ နိုင်ငံသားဖြစ်သူများကိုသာ အခွင့်အရေးများ ပေးအပ်သည် ဆိုခြင်းထက် လူထုအားလုံးကို အခွင့်အရေးပေးနိုင်စေရန် ဖြစ်ပါသည်။
- မည်သို့ပင်ဖြစ်စေ - မည်သို့သော သူများသည် နိုင်ငံသားများ ဖြစ်ကြသည်ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဖြေလျှော့ပေးရန် လိုအပ်မည်ဖြစ်ပြီး ယင်းသို့ ပြင်ဆင်လိုက်ပါက ဤနိုင်ငံအတွင်းတွင် အမြစ်တွယ်နေထိုင်သော လူထုများမှာ အခွင့်အရေးများ ပိုမိုရရှိလာမည် ဖြစ်ပြီး၊ ရွေးကောက်ပွဲများတွင် ပါဝင်ရပ်တည်ခြင်း၊ မဲပေးနိုင်ခြင်း စသည့် အခွင့်အရေးများ ရရှိလာကြမည် ဖြစ်သည်။

## <u>ဆန္ဒမဲပေးပိုင်ခွင့်နှင့် ပါဝင်ရွေးကောက်ခံနိုင်ခွင့်</u>

- ဆန္ဒမဲပေးပိုင်ခွင့်နှင့် ပါဝင်ရွေးကောက်ခံနိုင်ခွင့် အခွင့်အရေးနှစ်ခုမှာလည်း အလွန်အကျွံ ကန့်သတ်ထားသော အခွင့်အရေးနှစ်ခုဟု မှတ်ယူနိုင်သော ဥပမာများဖြစ်သည်။ ရရှိနိုင်ရန် ခက်ခဲသော နိုင်ငံသားဖြစ်မှုကို လိုအပ်သည်သာမက ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါဝင်ပြီးဖြစ်သော မဲပေးပိုင်ခွင့်ကိုလည်း ဥပဒေများအရလည်း ငြင်းပယ်နိုင်သေးသည်။ (ပုဒ်မ ၃၉၁)
- ထိုအခွင့်အရေးများအား ဘာသာရေးအသင်းသားများနှင့် အကျဉ်းသားများအတွက် ပေးအပ်မထားပေ။ (ပုဒ်မ ၃၄၈)
- လူအများအား - ၎င်းတို့အား စီမံအုပ်ချုပ်နေသော စနစ်အတွင်း၊ ၎င်းတို့ကို ကိုယ်စားပြုသူအား ရွေးချယ်ရန် ခွင့်ပြုပေးခြင်း၏ အရေးပါမှုကို ပေးခြင်းဖြင့်၊ မဲပေးပိုင်ခွင့် အခွင့်အရေး အထိ ပြုပြင်သွားနိုင်သည်။ မဲပေးပိုင်ခွင့်အား ကန့်သတ်သည့် အကြောင်းပြချက်မှာ သင့်တင့်လျောက်ပတ်သော အကြောင်းပြချက်ကောင်းတစ်ခုဖြစ်ရန် လိုအပ်ပြီး အကြောင်းပြချက်နှင့် အချိုးညီရန်လည်း လိုသည်။ တစ်နည်းဆိုသော် မဲပေးပိုင်ခွင့်အား ကန့်သတ်လိုက်ခြင်းသည် လူထုအား ၎င်းတို့ကို ကိုယ်စားပြုမည့်သူကို ရွေးချယ်ခြင်းအား ကန့်သတ်ရာကျပြီး ဥပဒေပြုအဖွဲ့များနှင့် ယင်းမှ ပြဌာန်းလိုက်သော ဥပဒေများ၏ တရားဝင်မှုကိုလည်း ခြိမ်းခြောက်ရာကျသည်။

## <u>တိုင်းရင်းသား လူနည်းစု၊ အမျိုးသမီး၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူတို့၏ အခွင့်အရေးများ</u>

- အတိတ်သမိုင်းတစ်လျှောက် လူမျိုးစု အယူဝါဒ ကွဲလွဲမှုများကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအနေဖြင့် တိုင်းရင်းသား အခွင့်အရေးများအတွက် ရှင်းလင်းသော အကာအကွယ် ပေးအပ်ရန်လည်း လိုအပ်နိုင်သည်။
- တိုင်းရင်းသား မျိုးနွယ်စုများကို ၎င်းတို့ ကိုယ်ပိုင် လူမှုအဖွဲ့အစည်းများအတွင်း စီမံအုပ်ချုပ် ခန့်ခွဲရန်အတွက် လည်းကောင်း ၎င်းတို့၏ ကိုယ်ပိုင် ယဉ်ကျေးမှုနှင့် ဘာသာစကားများအား ကာကွယ်နိုင်ရန်အတွက် ပိုမိုအရေးပါသော အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်များ ခွင့်ပြုပေးရန် ထည့်သွင်း စဉ်းစားနိုင်သည်။ စာပေ၊ ယဉ်ကျေးမှု အနုပညာ၊ ဓလေ့ ထုံးတမ်းနှင့် ရိုးရာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ဆောင်နိုင်ခွင့် အခွင့်အရေး၊ စသည်တို့သည် အမျိုးသား စည်းလုံးညီညွတ်မှု ပျက်ပြားစေခဲ့သည်ဆိုလျှင် ယင်းအခွင့်အရေးများအား လက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေမှ တားမြစ်နိုင်သည်။

- အမျိုးသမီးများ၏ အခွင့်အရေးများကိုလည်း ပုံနှံ့စွာ ကာကွယ်ပေးရန် လိုအပ်ပေသည်။ အထူးသဖြင့် အချို့ပြည်သူ့ဝန်ထမ်းနေရာများတွင် အမျိုးသားများအတွက်သာ ဖြစ်လျက်ရှိနေသည်။
- အချုပ်အားဖြင့်ဆိုသော် - ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ကလေးသူငယ်များနှင့် မသန်စွမ်းသူများအတွက် သီးခြားဖြစ်သော အခွင့်အရေးများ မပါဝင်သေးပါ။ ၎င်းအခွင့်အရေးများကို ထည့်သွင်းလာနိုင်ပါသည်။

<u>လူ့အခွင့်အရေး ကော်မရှင်</u>

- လူ့အခွင့်အရေး ကော်မရှင်ကို သမ္မတဦးသိန်းစိန် တည်ထောင်ခဲ့ပြီး ဖြစ်သဖြင့်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် လူ့အခွင့်အရေး ကော်မရှင်သည် အဓိက အခန်းကဏ္ဍတစ်ရပ်တွင် ပါဝင်နေပြီး ကော်မရှင်၏ အဓိက လုပ်ဆောင်ချက်မှာ လူ့ပအခွင့်အရေးတစ်ရပ်ကို ပြဌာန်းရေး၊ မြှင့်တင်ရေးနှင့် အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်သာဖြစ်သည်။
- ကော်မရှင်၏ လုပ်ငန်းဆောင်တာများ၊ မည်ကဲ့သို့ ရန်ပုံငွေရရှိပြီး၊ မည်သူတို့က အဖွဲ့ဝင်များ ဖြစ်နိုင်သည် စသည့် အချက်များကို သတ်မှတ်ဖော်ပြထားရန် လိုအပ်သည်။
- အပြည်ပြည်ဆိုင်ရာ စည်းကမ်းချက်များအရ ကော်မရှင်သည် အောက်ပါအခွင့်အရေးနှင့် တာဝန်များကို ဆောင်ရွက်ပေးနိုင်ပါသည်။
    - အခွင့်အရေးများကို ကာကွယ်ပေးခြင်းနှင့် မြှင့်တင်ပေးခြင်း
    - ကော်မရှင်သည် အစိုးရ အဖွဲ့အစည်းများ၊ ဥပဒေပြုရေး အဖွဲ့အစည်းများနှင့် တစ်ခြားသော အဖွဲ့အစည်းများကို လူ့အခွင့်အရေးနှင့် ပတ်သက်သော ကြေငြာစာတမ်းများ၊ ထောက်ခံချက်များ၊ အဆိုပြုချက်များနှင့် အကြံပေးချက်များကို ပေးပို့နိုင်ပါသည်။
    - နိုင်ငံတကာများ အခွင့်အရေးများ စံချိန်စံညွှန်းများသည် ပြည်တွင်းဥပဒေများ လိုက်လျောညီထွေရှိစေခြင်း။
    - ကမ္ဘာ့ကုလသမဂ္ဂကော်မတီသို့ နိုင်ငံများ၏ အစီရင်ခံချက်များကို တင်ပို့ ကူညီပေးခြင်း။
    - အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ပြည်တွင်း လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ခြင်း။
    - လူ့အခွင့်အရေးနှင့် ပတ်သက်သော ပညာရေးကို ကူညီဆောင်ရွက်ပေးခြင်း။
    - လူ့အခွင့်အရေးများကို အများပြည်သူ သိရှိစေရန် ဆောင်ရွက်ခြင်းနှင့် မြှင့်တင်ပေးခြင်း။
- လူ့အခွင့်အရေးနှင့် ပတ်သက်၍ ချိုးဖောက်ခြင်း၊ တိုင်တန်းခြင်းများနှင့် ပတ်သက်ပြီး ကြားနာစစ်ဆေးခြင်း၊ အဆုံးအဖြတ်ပြုခြင်းစသည့် လုပ်ဆောင်ရန် တာဝန်များကို ကော်မရှင်သို့ လွှဲအပ်ပေးနိုင်သည်။
- ကော်မရှင်သည် အုပ်ချုပ်ရေးပိုင်းမှ ကင်းလွတ်ပြီး လွတ်လပ်မှုရှိစေရန် အဓိက အရေးကြီးလှပေသည်။
- လွတ်လပ်မှုကို ခိုင်မာမှုရှိစေရန်အတွက် ကျယ်ပြန့်စွာ ကျင့်သုံးကြသည်မှာ၊ ၎င်း၏ အဖွဲ့ဝင်များမှာ မတူညီကွဲပြားခြားနားသော လူများ ဖြစ်ရမည်၊၎င်း၏ ရန်ပုံငွေအတွက် အစိုးရအပေါ် မှီခိုမှု မရှိစေရဘဲ၊ အခန်းကဏ္ဍကိုလည်း တည်ဆောက်ရသည်။

<u>အခွင့်အရေးဆိုင်ရာ အာမခံချက်များ သတ်မှတ်ခြင်း</u>

- အခြား ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့် မတူဘဲ၊ ယခု အခြား ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခွင့်အရေးဆိုင်ရာ အာမခံချက်များကို ထည့်သွင်းမထားချေ။ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တွေ့ရသော အခွင့်အရေးများကို ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အစပိုင်းတွင် အခွင့်အရေးဆိုင်ရာ အာမခံချက်များအဖြစ် တစ်စုတစ်ဝေးတည်း ဖော်ပြထားရန် သုံးသတ်စဉ်းစားသင့်သည်။

<u>**အုပ်ချုပ်ရေးအဖွဲ့၏ အခန်းကဏ္ဍနှင့် ဖွဲ့စည်းပုံ**</u>

<u>သမ္မတကို ရွေးချယ်တင်မြှောက်ခြင်း</u>

- သမ္မတရွေးချယ်တင်မြှောက်ခြင်းနှင့် ပတ်သက်ပြီး သမ္မတကို ပြည်သူက တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းထက် လက်ရှိအနေအထားတွင် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က သမ္မတကို ရွေးချယ်တင်မြှောက်ခြင်းသာ ဖြစ်ပါသည်။ သမ္မတရွေးကောက်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တပ်မတော်အစိုးရကသာလျှင် အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤဆုံးဖြတ်ချက်နှင့် နိုင်ငံတော် သမ္မတ၊ ဒုတိယ သမ္မတတို့ကို ပြည်သူကသာလျှင် တိုက်ရိုက် ရွေးချယ် တင်မြှောက်နိုင်ပါသည်။ သို့မှသာလျှင် ပြည်သူကိုယ်စားပြု သမ္မတ၊ ပြည်သူအတွက် တာဝန်ထမ်းဆောင်နိုင်သော သမ္မတဖြစ်ပါသည်။

<u>အုပ်ချုပ်ရေးကို တပ်မတော်က လွှမ်းမိုးထားခြင်း</u>

- သမ္မတရွေးချယ်ခြင်းနှင့် ပတ်သက်ပြီး နယ်စပ်ဆက်ဆံရေး၊ ပြည်သူ့ ဆက်ဆံရေးနှင့် ကာကွယ်ရေး ဝန်ကြီးဌာနတို့က ခန့်အပ်ထားသော အုပ်ချုပ်ရေးအဖွဲ့ကို တပ်မတော်က လွှမ်းမိုးထားခြင်း ဖြစ်သည်။ အာဏာတစ်ရပ် အကောင်အထည် ဖော်ဆောင်ရေးနှင့် ပတ်သက်ပြီး ပြန်လည်စဉ်းစား ဆုံးဖြတ်ရမည် ဖြစ်သည်။

<u>သမ္မတဖြစ်ရန် လိုအပ်ချက်များ</u>

- သမ္မတ ရွေးချယ်တင်မြှောက်ခြင်းဖြင့် အလို့ငှါ လိုအပ်ချက်နှင့် ပတ်သက်ပြီး ကျိုးကြောင်းဆီလျော်ခြင်းမရှိလျှင် အရေးကြီးသည့် ဆုံးဖြတ်ချက်ကို ထည့်သွင်းစဉ်းစားရမည်။
- ပုဒ်မ ၅၉ (စ)အရ၊ ဝင်ရောက်ယှဉ်ပြိုင်သော သမ္မတလောင်းများ၏ မိဘ၊ သားသမီး၊ ဆွေမျိုး ညီအစ်ကို မောင်နှမများသည် နိုင်ငံခြားတိုင်းပြည်တွင် နေထိုင်သော သူများ မဖြစ်ရ။ ပြည်ထောင်စု မြန်မာနိုင်ငံသား သာလျှင် ဖြစ်ရမည်။ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံး အနှစ် ၂၀ နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သူ ဖြစ်ရမည်ဟု ထည့်သွင်းစဉ်းစားရမည်။
- ပါဝင်ရွေးကောက်ခံသူ၏ နိုင်ငံအပေါ် သစ္စာရှိမှုနှင့် ပတ်သက်ဆက်နွယ်မှုများကို အခြေခံပြီး (ဥပမာ နိုင်ငံသားဖြစ်ရန် လိုအပ်မှု) ထည့်သွင်း စဉ်းစားရန် လိုအပ်မည် ဖြစ်သော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေ ဥပဒေ ပုဒ်မ ၅၉ (စ)တွင ဖော်ပြထားသော အရည်အချင်း လိုအပ်ချက်များမှာ နိုင်ငံတော် သမ္မတအဖြစ် တာဝန်ထမ်းဆောင်နိုင်သော ပါဝင်ယှဉ်ပြိုင် ရွေးကောက်ခံသူ၏ စွမ်းရည်များ သို့မဟုတ် သူ/သူမ၏ နိုင်ငံတော်အပေါ်သစ္စာရှိမှုနှင့် သက်ဆိုင်သည့် ပုံ မပေါ်ပေါက်ချေ။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၆(င)၊၂၁(က)၊၃၄၇၊၃၄၈၊ ၃၄၉)တို့တွင် အတိအလင်း ဖော်ပြထားသော သာတူညီမျှမှု သဘောတရား (ခွဲခြား ချိုးနှိမ်ခြင်းအား ဆန့်ကျင်မှု) အပေါ်တွင်လည်း ယုံကြည်မှု လျော့ပါးစေနိုင်သည်။ ဤအချက်များ ဖြစ်ပေါ်လာရသည်မှာ ညီမျှမှုမရှိသော ပုဒ်မ(၅၉(စ)မှ သတ်မှတ်ချက်များသည် ရုံးနှင့် သက်ဆိုင်မည်ဖြစ်သော လိုအပ်ချက်များပေါ်တွင် အခြေခံထားခြင်းမရှိသောကြောင့် ဖြစ်ပါသည်။ အထူးသဖြင့် မသက်ဆိုင်သော အချက်မှာ ယခင်တော်စပ်ခဲ့သော ခင်ပွန်း၊ ဇနီး၊ သို့မဟုတ် သားသမီး၏ ခင်ပွန်း သို့မဟုတ် ဇနီးဖြစ်သူ၏ နိုင်ငံသား ဖြစ်မှုပင် ဖြစ်လေသည်။
- ရွေးချယ်ရာ အခန်းကဏ္ဍနှင့် သင့်တော်မည်ဖြစ်သော သူကို မဲပေးနိုင်သည့်၊ မဲပေးနိုင်သူတို့၏ ရွေးချယ်ခွင့်ကိုလည်း မလိုလားအပ်ဘဲ ကန့်သတ်ထားသည်။ ဆီလျော်မှုမရှိသော ကန့်သတ်ပိတ်ပင်မှုမျိုးမရှိဘဲ ခေါင်းဆောင်တစ်ဦးအား ရွေးချယ်နိုင်စွမ်းရှိသည် သာလျှင် အခြေခံကျသော ဒီမိုကရေစီ၏ စည်းမျဉ်းစည်းကမ်းဖြစ်လေသည်။

<u>အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားရုံးများ အာဏာခွဲဝေ ကျင့်သုံးခြင်း</u>

- လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေအုပ်ချုပ်ရေးအဖွဲ့သည် အမြင့်ဆုံးအာဏာတွင်ရှိနေပြီး တစ်ချို့ကိစ္စရပ်များတွင် အုပ်ချုပ်ရေးအဖွဲ့တွင် ဥပဒေပြုလွှတ်တော်များနှင့် တရားရုံးများက စစ်ဆေးပိုင်ခွင့်အား ၎င်း၏ လုပ်ပိုင်ခွင့်များဖြင့် တားဆီးထားသည်။ ထို့ကြောင့် ဥပဒေပြုလွှတ်တော်များနှင့် တရားရုံးများအား အာဏာညီမျှမှု ရရှိစေရန်အတွက် ပိုမိုမြင့်မားသော အာဏာပေးအပ်ရန်မှာလည်း လိုလားဖွယ်ရာ ဖြစ်ပေတည်း။
- တစ်ခြားအရေးပါသော အချင်းအရာတစ်ရပ်မှာ တရားသူကြီးများနှင့် ဝန်ကြီးရာထူးများအပါအဝင် ဥပဒေပြုလွှတ်တော်နှင့် တရားစီရင်ရေး နယ်ပယ်များ၏ အရေးပါသော အခန်းကဏ္ဍနေရာများအတွက် ခန့်အပ်သည့်


To download this document in PDF version, visit **www.lexisnexis.com.my**

လူပုဂ္ဂိုလ်များကို အုပ်ချုပ်ရေးအာဏာဖြင့် ရွေးချယ်ခန့်အပ်နေခြင်းဖြစ်သည်။ လက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြု လွှတ်တော်မှ ကိုယ်စားလှယ်များသည် သမ္မတမှ တိုက်ရိုက်ခန့်အပ်သော လူပုဂ္ဂိုလ်တစ်ဦးအား သတ်မှတ်ထားသော အရည်အချင်း လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိဟု တွေ့ရှိရသောအခါမှသာလျှင် ကန့်ကွက်ခွင့် ရှိလေသည်။ ထိုကဲ့သို့သော စည်းမျဉ်းများကို ဖြေလျှော့ပေးလိုက်ခြင်းဖြင့် အရေးကြီးနေရာများကို ခန့်အပ်ရန် ရွေးချယ်သောအခါ ဥပဒေပြုလွှတ်တော်များသို့ ပိုမိုအရေးပါသော အခန်းကဏ္ဍများကို ပေးအပ်ရာ ကျလေသည်။

- ထို့ပြင် ဥပဒေပြုလွှတ်တော်များ စည်းဝေးခေါ်ယူခြင်းမရှိသည့်အချိန်တွင် နိုင်ငံတော် သမ္မတက အရေးတကြီး ပြဌာန်းရန် လိုအပ်သော ဥပဒေတစ်ခုကို အာဏာသက်ရောက်လာစေနိုင်ခြင်း သို့မဟုတ် ပြည်နယ်၊ တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ဇုံ၊ နယ်မြေများနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေမှ ကန့်ကွက်ထားခြင်း မဟုတ်သော စီမံဆောင်ရွက်မှုမျိုးကို ဖြေရှင်းဆောင်ရွက်နိုင်ခြင်းတို့တွင် ပထမလုပ်ပိုင်ခွင့် အာဏာမှာ ဥပဒေပြုလွှတ်တော်အတွက် ပေးအပ်ထိုက်သော အာဏာဖြစ်ပြီး ဒုတိယအာဏာမှာ တရားရုံးများသို့ ပေးအပ်ထားသင့်သော အာဏာဖြစ်ပါသည်။ ကမ္ဘာလောကသည် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး စသော အဓိက အာဏာသုံးရပ် အကြားတွင် အာဏာများကို စစ်မှန်စွာ ခွဲဝေနိုင်စေရန် ခွင့်ပြုထားပြီးသား ဖြစ်သည်။
- နောက်ဆုံးအချက်မှာ နိုင်ငံတော် သမ္မတအနေဖြင့် တာဝန်ထမ်းဆောင်စဉ် အတောအတွင်းတွင် သူ/သူမ ကျင့်သုံးခဲ့သော လုပ်ပိုင်ခွင့် ၊ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်ပြီး စစ်ဆေးမေးမြန်းခံရခြင်းမှ ကင်းလွတ်နိုင်သည်ဟူသော ပြဌာန်းချက်များကြောင့် နိုင်ငံတော် သမ္မတ၏ အာဏာများကို ဥပဒေပြုလွှတ်တော်နှင့် တရားရုံးများ မစစ်ဆေးနိုင်ဆိုသည့် ပြဌာန်းချက်မှာ အယုံအကြည် ကင်းမဲ့စကာ ဖြစ်လာနိုင်လေသည်။ နိုင်ငံတော် သမ္မတ၏ လုပ်ပိုင်ခွင့်များကို စစ်ဆေးခံနိုင်ရန်မှာ အရေးကြီးလေသည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေအထက်တွင် မည်သူ တစ်ဦးတစ်ယောက်မျှ မရှိခြင်းကြောင့်ပင်ဖြစ်သည်။

## ဥပဒေပြုရေး အခန်းကဏ္ဍနှင့် ဖွဲ့စည်းပုံ

### ဥပဒေပြုအဖွဲ့ဝင်များ ရွေးကောက်တင်မြှောက်ထားခြင်း

- လက်ရှိဥပဒေပြုရေးအတွက် အဖွဲ့ဝင်များ၏ ၂၅% မှာ ရွေးကောက်တင်မြှောက်ထားခြင်း မရှိသော တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်မှ အမည် စာရင်းသွင်းထားသည့် တပ်မတော်သားများသာ ဖြစ်ကြသည်။
- ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြုပြင်ရာတွင် ပြည်သူအများက အပြည့်အဝ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြင့်သာ ဖွဲ့စည်းထားသော ဥပဒေပြုလွှတ်တော်ရှိသည့် အခြားဒီမိုကရေစီနိုင်ငံများကလည်း တူညီစွာ ကျင့်သုံးကြသည့် အနေအထားတစ်ရပ်သို့ ရောက်ရှိစေရန် ပြောင်းလဲသင့်ကြောင်း ထည့်သွင်း စဉ်းစားရပေမည်။ အတိုင်းအတာတစ်ခုအထိ တိုးတက်မှု ရရှိထားပြီး ဖြစ်ပါသည်။

### ပွင့်လင်းမြင်သာရှိသော ဥပဒေပြုရေး

- ဥပဒေများကို မည်သို့ ပြုလုပ်သည်၊ အဘယ်ကြောင့် ပြုလုပ်သည်ဆိုသော သတင်းအချက်အလက်များသည် ပြည်သူများအတွက် အမြဲတစေ သိရှိနိုင်ရန် လွယ်ကူသည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဥပဒေပြုသူတို့ ဆွေးနွေးစည်းဝေးခဲ့ကြသော မှတ်တမ်းမှတ်ရာများကို ဥပဒေပြဌာန်းချက် အချို့အရ တားမြစ်နိုင်သည်။ ထို့ကြောင့် ပြုပြင်ရန် ထည့်သွင်းစဉ်းစားရာတွင် လွှတ်တော်တွင် ဆွေးနွေးကြသည်တို့ကို အများပြည်သူတို့က သိရှိစေရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေမှ အာမခံပေးနိုင်ရန် လိုအပ်ပေသည်။ သို့မှသာ အများပြည်သူအနေဖြင့် ၎င်းတို့ ရွေးချယ်လိုက်သော ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်း မည်သို့မည်ပုံ ပြောဆိုသည် ပြုလုပ်သည်တို့ကို သိရှိနိုင်သည်။

## တရားရုံးများ ခန့်အပ်ခြင်းနှင့် ဖွဲ့စည်းပုံ

### တရားသူကြီးများ ရွေးချယ်ခြင်း

- ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတော် သမ္မတက တရားသူကြီးများကို ရွေးချယ်နိုင်ရန် ရွေးချယ်ခွင့်အာဏာကို ပေးထားခြင်းကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေမှ တရားရုံးများ၏ လွတ်လပ်ခွင့်ကို အသိအမှတ်ပြုသည်ဟုဆိုသော် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပြဌာန်းချက်မှာ သံသယ ဖြစ်ဖွယ် ဖြစ်ရလေသည်။ တရားသူကြီးများ ရွေးချယ်ခြင်းကို ပြဌာန်းသတ်မှတ်ချက်များနှင့် အညီ ပြုလုပ်သော်လည်း ဤအာဏာကြောင့် ဘက်လိုက်သည့် သွင်ပြင် ဖြစ်လာပြီး အုပ်ချုပ်မှုအပိုင်း ကဏ္ဍများမှ တရားရုံးများ၏ လွတ်လပ်ခွင့် ဆိုသည်မှာလည်း မေးခွန်းထုတ်စရာ ဖြစ်လာလေသည်။
- လွတ်လပ်သော တရားရုံးများဖြစ်ခဲ့လျှင် ဥပဒေပြုလွှတ်တော်များမှ ထုတ်ပြန်လိုက်သော ဥပဒေများကို အာဏာသက်ရောက်လာစေရန်အတွက် အစိုးရမှ အကောင်အထည် ဖော်ဆောင်ခြင်းများ တိကျသေချာစေရန် တာဝန်ခံစေခြင်းဖြင့် အစိုးရတစ်ရပ်လုံးကို ထိန်းထားနိုင်သည်။ အကယ်၍ တရားရုံးများ လွတ်လပ်ခွင့်မရှိခဲ့လျှင် အန္တရာယ်တစ်ရပ်အနေဖြင့် တရားသူကြီးများမှာ ၎င်းတို့အား နေရာပေး ခန့်အပ်ထားကြသော အုပ်ချုပ်ရေးပိုင်း၏ လွှမ်းမိုးမှုကို ခံရနိုင်လေသည်။

<u>လွတ်လပ်သော တရားရုံးများ</u>

- တရားရုံးများ၏ လွတ်လပ်မှုရှိခြင်းအား သေချာစေရန်အတွက် ဖြစ်နိုင်ချေရှိသော နည်းလမ်းတစ်ခုမှာ အုပ်ချုပ်ရေးအပိုင်းသို့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှ ပေးအပ်ထားသော တရားသူကြီးများအား ရွေးချယ်ပိုင်ခွင့် အာဏာကို ပြန်လည်ရုတ်သိမ်းပြီး အခြားလွတ်လပ်သော ရွေးချယ်ခန့်အပ်ရေး ကော်မရှင်တစ်ခုသို့ လွှဲပြောင်းပေးရန် ဖြစ်ပါသည်။ ထိုကော်မရှင်မှာမူ ပြည်သူလူထု အနည်းငယ်နှင့် ရှေ့နေအများစုပါဝင်သော ရွေးချယ်ကော်မရှင် ဖြစ်ကောင်း ဖြစ်နိုင်သည်။ နိုင်ငံအများစုတွင် ဤသို့ ပြုလုပ်ခြင်းများမှာ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း တစ်ခုအနေဖြင့် များပြားလာနေသည်။
- တရားသူကြီးများအား မည်ကဲ့သို့ ခန့်အပ်ရသည်ဟု မည်သည်ကို ပြဌာန်းချမှတ်လိုက်သည် ဖြစ်စေ မှားယွင်းသော အကြောင်းပြချက်များဖြင့် တရားသူကြီး တစ်ဦးအား ရွေးချယ်ခန့်အပ်ရခြင်းမျိုး မဖြစ်ရန် လွန်စွာ အရေးကြီးလေသည်။ ထိုက်သန်သော အရည်အသွေး သက်သက်ကို အခြေခံပြီး ခန့်အပ်ခြင်း မဟုတ်လျှင် မှန်ကုန်သည့် အကြောင်းပြချက် မဟုတ်တော့ချေ။
- တရားရုံးများ၏ လွတ်လပ်ပိုင်ခွင့်များကို သေချာခိုင်မာစေသော အခြားနည်းလမ်းမှာ တရားသူကြီးများအား ၎င်းတို့ ရာထူးနေရာအား ကာလကြာရှည်စွာ ထိန်းသိမ်းထားနိုင်ရန် ခွင့်ပြုခြင်း ဖြစ်ပြီး တရားသူကြီးတစ်ယောက်ကို ရာထူးမှ ဖယ်ရှားနိုင်သော အခြေအနေများကို တိကျတင်းကြပ်စွာ ညွှန်ကြား ပြဌာန်းထားရန် လိုသည်။ တရားသူကြီး တစ်ဦးသည် လူကြိုက်နည်းသော စီရင်ချက်တစ်ခုကို ချမိရုံမျှဖြင့် ရာထူးမှ အလွယ်တကူ ဖယ်ရှားခံရလျှင် ဖိအားများ၏ အောက်တွင် ၎င်း၏ လွတ်လပ်ပိုင်ခွင့်အား ကျင့်သုံးတော့မည် မဟုတ်ချေ။
- ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ် တရားသူကြီးများ အသက် ၆၅မှ အသက် ၇၀ အထိတိုင်အောင် အသီးသီး တာဝန်ထမ်းဆောင်ခွင့် ပြုသော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးတရားသူကြီးများအဖြစ် ခန့်အပ်ခံရသော တရားသူကြီးများ၏ လုပ်ငန်းသက်တမ်းမှာ ငါးနှစ်သာ ဖြစ်လေသည်။
- ဖွဲ့စည်းပုံအား ပြန်လည်ပြုပြင်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးတရားသူကြီးများကို နှစ်ကြာကြာ ပြန်လည် တာဝန်ထမ်းဆောင်ခြင်းများကိုလည်း ထည့်သွင်းစဉ်းစားပေးရမည်။ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့သည် တရားသူကြီးများ ရွေးချယ်ရေး အခန်းကဏ္ဍတွင် ပါဝင်နေသော်လည်း သီးခြားအစိုးရ တစ်ရပ်အနေနှင့် တရားရုံးတစ်ခုလုံး ထိန်းချုပ်နိုင်ခြင်း မပြုရ။
- နောက်ဆုံးအနေနှင့် ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးမှ အဖွဲ့ဝင် ကိုးဦးအနေဖြင့် ကြုံခဲ့ရသော အငြင်းပွားဖွယ် အနေအထားတွင် ၎င်းအဖွဲ့ဝင် ကိုးဦးမှာ တာဝန်ဖယ်ရှားခြင်း ခံရရန်အတွက် ခြိမ်းခြောက်ခံခဲ့ရလေရာ ယင်းအခြေအနေသည်ပင်လျှင် အုပ်ချုပ်ရေးပိုင်းမှ သော်လည်းကောင်း၊ ဥပဒေပြု လွှတ်တော်ဘက်မှ သော်လည်းကောင်း၊ တရားသူကြီးများအား လူကြိုက်မများသော ဆုံးဖြတ်ချက်ကို ချမိရုံဖြင့် ဖယ်ရှားနိုင်သော အနေအထား ဖြစ်လာရပုံကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ရှင်းလင်းမှု ပြုလုပ်ရန် အချိန်ကောင်း ဖြစ်ခဲ့လေသည်။

<u>ဖွဲ့စည်းပုံဆိုင်ရာ ခုံရုံးများ၏ အာဏာ</u>

- ထပ်မံ၍ အရေးကြီးဆုံးအနေဖြင့် ထည့်သွင်းစဉ်းစားရန်မှာ ဥပဒေပြဌာန်းရေးနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ ခုံရုံး၏ ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ မရှိဆိုသည့် အချက်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပိုမိုရှင်းလင်းစွာ သတ်မှတ်ပေးထားရန် ဖြစ်သည်။ လက်ရှိ ဖွဲ့စည်းပုံ အခြေခံခုံရုံးများတွင် ဥပဒေကို ဆက်လက် အာဏာ တည်နေခြင်းမှ ရပ်စဲစေရန် ဥပဒေများအား (ပစ်ချ)နိုင်သော ရပ်စဲ အာဏာမရှိပေ။
- ဖွဲ့စည်းပုံ အများစုသည် အမြင့်ဆုံး ဖွဲ့စည်းပုံ အခြေခံဥပဒေ တရားရုံးများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မကိုက်ညီသော ဥပဒေများကို ဖြုတ်ချပစ်ရန် အခွင့်အာဏာ ရှိလေသည်။ သို့ရာတွင် ခုံရုံးမှတစ်ဆင့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကိုက်ညီမှု မရှိဟု ဆုံးဖြတ်ထားသော ဥပဒေတစ်ခုကို ဆက်လက်အာဏာ တည်နေစေရန် ခွင့်ပြုသင့်ပါသလား။ သို့မဟုတ် ထိုသို့ ဆုံးဖြတ်ထားသော ဥပဒေကို ပြောင်းလဲရန် သို့မဟုတ် ဖျက်သိမ်းရန်အတွက် ဥပဒေပြု လွှတ်တော်များထံသို့သာ ပို့ဆောင်သင့်ပါသလား။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေသည်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ ၎င်းတို့၏ ဖွဲ့စည်းပုံနှင့် ကိုက်ညီခြင်းမရှိသဖြင့် ဥပဒေတစ်ချို့ကို ဖြုတ်ချခဲ့ပြီး ဥပဒေပြုရေး လွှတ်တော်သို့ ပြန်လည်ပေးပို့ ပြောင်းလဲစေခဲ့သည်။ သို့သော်လည်း ခုံရုံး၏ ဆုံးဖြတ်ချက်များကို ပြန်လည် သုံးသပ်ကြည့်ရန် လိုအပ်ပေမည်။
- အခြေခံ လူ့အခွင့်အရေးများနှင့် ကိုက်ညီမှုမရှိဟု မှတ်ယူခံရသော ဥပဒေများကို ပြန်လည်သုံးသပ်ရာတွင် ဖွဲ့စည်းပုံ အခြေခံဆိုင်ရာ ခုံရုံးများ၏ လုပ်ပိုင်ခွင့်များမှာ သိသိသာသာ အရေးပါလှလေသည်။

## နိုင်ငံတည်ဆောက်ပုံ

ဗဟိုနှင့် တိုင်းဒေသများကြားတွင် အာဏာခွဲဝေခြင်း

- ပြုပြင်နိုင်ချေရှိသော အရေးကြီး ကဏ္ဍတစ်ခုမှာ ပြည်ထောင်စု မြန်မာနိုင်ငံ၊ ဒေသဆိုင်ရာ နေရာ ၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေများအကြား အာဏာခွဲဝေ ကျင့်သုံးခြင်းနှင့် အဓိက ပတ်သက်သည်။
    - ပြည်ထောင်စုအဆင့်တွင် အာဏာများကို စုစည်းထားနိုင်ပါသလား။
    - ဗဟိုတွင် စုစည်းထားခြင်းမျိုးမဟုတ်ဘဲ ပြည်နယ်များ၊ ဒေသဆိုင်ရာ နယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများသို့ အာဏာလွှဲပြောင်းပေးသင့်ပါသလား။
    - အုပ်ချုပ်သော ပြည်နယ်များ၊ ဒေသဆိုင်ရာ နယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများသို့ အာဏာလွှဲပြောင်းပေးရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေမှ အာမခံပေးသော ဖက်ဒရယ်လ်စနစ်အား ကျင့်သုံးပြီး ပြည်နယ်၊ တိုင်းဒေသဆိုင်ရာ အားလုံး သို့မဟုတ် အချို့ကိုသာ အာဏာ ခွဲဝေပေးသင့် ပါသလား။
- သည်အပိုင်းသည် အလွန်အရေးကြီးသော ကိစ္စရပ် တစ်ခုဖြစ်ပြီး ပိုမိုအရေးပါသော အခန်းကဏ္ဍကို တာဝန်ယူလိုသော များပြားလှသော တိုင်းရင်းသား လူနည်းစုများ၏ နိုင်ငံရေး ကံကြမ္မာကို အဆုံးအဖြတ်ပေးသည့် အပိုင်းဖြစ်သည်။
- ဗဟိုတွင် အာဏာများ စုပြုံထားခြင်း မဖြစ်နိုင်စေရန် လိုလားအပ်သော ဖြစ်နိုင်ချေရှိသည့် နည်းလမ်းများမှာ -
    - တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများအား ဒေသတွင်းပင် ရွေးကောက်တင်မြှောက်စေခြင်း
    - တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအား ရန်ပုံငွေ အများအပြား ပိုမိုချထားပေးပြီး အခွန်ကောက်ခံခြင်းမှ တစ်ဆင့် ဝင်ငွေမြင့်မားနိုင်စေရန် ခွင့်ပြုပေးခြင်း
    - တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေပြု လွှတ်တော်များအား ပိုမိုကျယ်ပြန့်သော ဧရိယာများအတွက် ပိုများသော ဥပဒေများ ပြုလုပ်ရန် ခွင့်ပြုခြင်း

## စစ်တပ်အာဏာထိန်းချုပ်ခြင်းနှင့် စစ်တပ်နှင့် အခန်းကဏ္ဍ

တပ်မတော်အား ကြီးကြပ်ခြင်း

- လက်ရှိဖွဲ့စည်းပုံအရ တပ်မတော်၏ ပြင်ပမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တပ်မတော်အား ကြီးကြပ်ထိန်းချုပ်ခွင့် ပေးအပ်မထားပေ
- ထို့အပြင် ဥပဒေပြု လွှတ်တော်အနေဖြင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ခန့်အပ်မှုအား ထောက်ခံရန် အခွင့်အာဏာမရှိ၊ ထိုအတွက် သတ်မှတ်ထားသော အရည်အချင်း လိုအပ်ချက်များလည်း မရှိသကဲ့သို့ ထိုအခန်းကဏ္ဍအတွက် အချိန်ကာလ မည်မျှကြာရမည်ဟု သတ်မှတ်ထားခြင်းမရှိ၊ ထို့အတူ ၎င်းရာထူးအား မည်သို့ ဖယ်ရှားနိုင်သည်ဆိုသော ပြဌာန်းချက်လည်း မရှိချေ။
- ဒီမိုကရေစီနိုင်ငံအများစုတွင် စစ်တပ်သည် ပြည်သူတို့၏ ထိန်းချုပ်မှုအောက်တွင် ရှိပြီး အုပ်ချုပ်ရေး မဏ္ဍိုင်၏ ကြီးကြပ်အုပ်ထိန်းမှု အောက်မှာသာ ရှိသည်။
- လိုအပ်လျှင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရာထူးအား ရယူနိုင်ရန်အတွက် လိုအပ်သော ရှင်းလင်းသည့် လိုအပ်ချက်များ၊ မည်သည့် အချိန်အတိုင်းအတာအထိ ဆောင်ရွက်ရမည်ဆိုသည့် အချက်များနှင့်၊ ရာထူးမှ ဖယ်ရှားနိုင်မည့် အခြေအနေများ စသည်တို့ကို လိုအပ်သလို ထုတ်ပြန်သတ်မှတ်နိုင်သည်။

<u>စစ်တပ်တရားစီရင်ရေး</u>

- လက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စစ်တပ်ဘက်မှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ အလုပ်သမားများကို အဓမ္မလုပ်အားပေးရန် ခိုင်းစေခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်း စသည့် ချိုးဖောက်ကျူးလွန်ခြင်းများအတွက် စစ်တပ်က အပါအဝင် ကိစ္စရပ်များကို သာမန်တရားရုံးများတွင် စီရင်ခြင်း မပြုနိုင်ပေ။ ယင်းအမှုများအတွက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က နောက်ဆုံး အပြီးအပြတ် ဆုံးဖြတ်ပိုင်ခွင့်ရှိသော စစ်ခုံရုံးတွင်သာ စစ်ဆေးစီရင် နိုင်ပါသည်။
- ဖြစ်နိုင်လျှင် အမြင့်ဆုံး တရားရုံးချုပ်က စစ်ဘက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်ကို ကြားနာကွပ်ကဲ သင့်သည်။ အရေးကြီးဆုံးအချက်မှာ စစ်ဘက်ဆိုင်ရာ တရားရုံးတွင် အယူခံခွင့် မရှိပါ။
- နောက်ထပ် အမြင်တစ်ရပ်အနေနှင့် စစ်ဘက်ဆိုင်ရာ အဖွဲ့ဝင်များသည် သာမန်တရားရုံးများတွင်သာ အမှုများကို ဖြေရှင်းကြရန် ဖြစ်သည်။ ဥပမာအားဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှု ။

## <u>အရေးပေါ် အာဏာ</u>

<u>အရေးပေါ် အခြေအနေ ကြေငြာခြင်း</u>

- လက်ရှိဖွဲ့စည်းပုံ အရ နိုင်ငံတော်၏ အရေးပေါ် အခြေအနေကို အခြေအနေသုံးရပ်တွင် ကြေငြာနိုင်သည်။ အရေးပေါ် အခြေအနေမှာ ကျိုးကြောင်းညီညွတ်စွာ အခြေအနေ အမြောက်အမြားအထိ ကျယ်ပြန့်နိုင်သော်လည်း အဓိပ္ပါယ် ဖွင့်ဆိုရာတွင်မူ ပိုမို ကျဉ်းမြောင်းသော အဓိပ္ပါယ်မျိုးသာ ရှိရန် သင့်ပေသည်။ ဤအချက်မှာ အရေးကြီးလှသည်၊ အဘယ်ကြောင့်ဆိုသော် အရေးပေါ် အခြေအနေ ကြေငြာရခြင်းသည် တစ်ဦးတစ်ယောက်ချင်းစီ၏ အခြေခံ လူ့အခွင့်အရေးအား သက်ရောက်မှု ရှိလေသည်။
- သမ္မတတစ်ယောက်သည် နိုင်ငံတော်၏ အရေးပေါ် အခြေအနေကို ကြေငြာနိုင်သည့် အာဏာရှိပြီး ထိုအာဏာအား ဥပဒေပြုအဖွဲ့များမှ ထောက်ခံပေးရန် လိုအပ်ခြင်း ရှိ မရှိနှင့် ထိုသို့ ကြေငြာခြင်းအား တရားရုံးများက ပြန်လည် သုံးသပ်ခြင်း ရှိ မရှိ မေးခွန်းထုတ်စရာ ဖြစ်နေလေသည်။ နိုင်ငံတော် သမ္မတက ကြေငြာထားသော အရေးပေါ် အခြေအနေသည် ဥပဒေပြု လွှတ်တော်က ထပ်မံအတည်ပြုခြင်း မရှိလျှင် သတ်မှတ်ထားသော ကာလသို့ ရောက်လျှင် ပြီးဆုံးသော်လည်း အရေးအပေါ် အခြေအနေ သုံးမျိုးအနက် နှစ်မျိုး၏ သက်တမ်းနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အကန့်အသတ် ဖော်ပြမထားပေ။

<u>အရေးပေါ်အာဏာ</u>

- လက်ရှိ ဖွဲ့စည်းပုံအရ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားရုံးများ၏ လုပ်ပိုင်ခွင့်အာဏာများ အပါအဝင် သမ္မတနှင့် ကာကွယ်ရေး ဦးစီးချုပ်ကို အရေးပေါ် အာဏာ ကျင့်သုံးခွင့် ပြုသည်။

- တရားရုံးများသည် အမြဲတစေ ဖွင့်လှစ်ထားပြီး လွတ်လပ်သော တရားစီရင်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သဖြင့် တရားရုံးတစ်ခုလုံး၏ အလုံးစုံသော အခန်းကဏ္ဍကို နိုင်ငံတော် သမ္မတနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား အပြည့်အဝ လွှဲအပ်ပေးရန် သင့် မသင့်ဆိုသော မေးခွန်းမှာ ပေါ်ပေါက်လာခြင်းဖြစ်သည်။
- ထို့ပြင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကဲ့သို့သော ဖွဲ့စည်းပုံ ဥပဒေကို တာဝန်မခံရသော သူတစ်ဦးက အရေးပေါ်အာဏာကို ကျင့်သုံးရန် သင့် မသင့် ဆိုသော မေးခွန်းကိုလည်း ထည့်သွင်း စဉ်းစားရပါမည်။
- ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေး အာဏာများကို သမ္မတကသာလျှင် အရေးပေါ် အာဏာကို ကျင့်သုံးပြီးကြီးကြပ်ဆောင်ရွက်သင့်သည်ဟု စဉ်းစားနိုင်ပါသည်။

<u>တစ်ဦးတစ်ယောက်ချင်း၏ အခွင့်အရေးနှင့် အရေးပေါ် အာဏာ</u>

- လက်ရှိ ဖွဲ့စည်းပုံအရ အရေးပေါ် အခြေအနေကြောင့် အခွင့်အရေး အားလုံး ဆိုင်းငံ့ထားနိုင်သည်။ အရေးပေါ် အခြေအနေ ကြေငြာပြီးသော်လည်း ရပ်တန့်မထားသင့်သော အခွင့်အရေးများ ရှိပါသလား။ ဥပမာအားဖြင့် ညှင်းပန်းနှိပ်စက်မှုကို တားမြစ်ခြင်း၊ ကျွန်စနစ်ကို တားမြစ်ခြင်း၊ မျှတသော တရားစစ်ဆေးမှု နှင့် အသက်ရှင်သန်ခွင့် အခွင့်အရေးများပင် ဖြစ်သည်။
- အကန့်အသတ် အခွင့်အရေးများနှင့် ပတ်သက်ပြီး အထက်ပါ ဆွေးနွေးချက်များအရ ဖော်ပြထားသော အခွင့်အရေးများကို ရပ်တန့်၍ မရလျှင် မည်သည့် အနေအထားမျိုးတွင်မှ ရပ်တန့်ပစ်နိုင်ကြောင်းကို လက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ရှင်းလင်းစွာ ဖော်ပြထားသင့်ပေသည်။

<u>**ပြဌာန်းချက်များကို ပြင်ဆင်ခြင်း**</u>

- လက်ရှိ ဖွဲ့စည်းပုံ အခြေခံကို ပြုပြင် ပြောင်းလဲချင်သော်လည်း၊ အမှန်တကယ် ပြောင်းလဲဖို့ အလွန်ပင် ခက်ခဲလှပါသည်။
- အများဆုံး ပြင်ဆင်မှုကို ပြဌာန်းရေးထက် ဖွဲ့စည်းပုံ အခြေခံကို ပြင်ဆင်ပြောင်းလဲဖို့ရာအလို့ငှါ ပြည်ထောင်စု လွှတ်တော်မှ ၇၅% ထောက်ခံချက်ကို လိုအပ်သည်။ တပ်မတော်မှ ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းအား ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားပြီး အတူတကွ မဲပေးခြင်းဖြင့် အပြောင်းအလဲ လုပ်နိုင်ခြေကို ပိတ်ဆို့ထားခြင်း ဖြစ်သည်။
- ဖွဲ့စည်းပုံ အခြေခံကို ပြင်ဆင်ပြောင်းလဲနိုင်ရန် လိုအပ်ချက်များ ပြုလုပ်ရာ အနည်းငယ် ခက်ခဲနေပေသည်။ ပြောင်းလဲမှု ပြုရန်အတွက် - ဥပမာအားဖြင့် ဥပဒေပြု လွှတ်တော် ကိုယ်စားလှယ်များထဲမှ ၃ ပုံ ၂ ပုံ ခန့် ထောက်ခံရန် လိုအပ်သည်။
- အချို့သော ဖွဲ့စည်းပုံ၏ အစိတ်အပိုင်းကို ပြင်ဆင်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအနေဖြင့် လူဦးရေ ထက်ဝက်လောက် ထောက်ခံချက်ကို အမြဲလိုအပ်သင့်ပေသည်။
- ဖွဲ့စည်းပုံ အခြေခံကို ဆောလျဉ်စွာ ပြင်ဆင်ခြင်း၊ မကြာမဏ ပြင်ဆင်တို့မှ ကောင်းကျိုးများ ရရှိနိုင်ပါသည်။ ကောင်းကျိုးမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအပေါ် ယုံကြည်မှု တိုးပွားလာခြင်း ဖြစ်သည်။
- မည်သို့ပင် ဆိုစေကာမူ ဖွဲ့စည်းပုံ အခြေခံကို ပြုပြင် ပြောင်းလဲခြင်းသည် အရေးကြီးပါသည်။ ပြောင်းလိုက်ခြင်းအားဖြင့် အရာရာအားလုံးသည် ပြောင်းလဲလာသော အခြေအနေ အရပ်ရပ်နှင့် အတူ တိုးတက်လာနိုင်ပါသည်။ အထက်ပါ အကြောင်းအရင်းများကို ပြုလုပ်ရန် ပေါ်ပေါက်လာလျှင်မူ ဖွဲ့စည်းပုံကို ပြောင်းလဲရန် အတွက် လိုအပ်လာနိုင်ပါသည်။

To learn more or for more information, contact:

**Naina Patel**
**The Bingham Centre for the Rule of Law**
Charles Clore House
17 Russell Square
London WC1B 5JP
**T** 020 7862 5151
**F** 020 7862 5152
**E** n.patel@binghamcentre.biicl.org

www.binghamcentre.biicl.org

**Gaythri Raman**
**LexisNexis**
T1-6 Jaya 33
Jalan Semangat, Section 13
46100 Petaling Jaya
**T** 603 7882 3555
**F** 603 7882 3501
**E** gaythri.raman@lexisnexis.com

www.lexisnexis.com.my
@LexisNexisMY #LN4ROL

BINGHAM CENTRE FOR THE RULE OF LAW

LexisNexis®